# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (21-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၃)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အောင်လံမြို့ရှိ အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ အောင်လံခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုအခြေအနေများ၊ အောင်လံခရိုင်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အောင်လံနယ်မြေဒေသ

စာမျက်နှာ ၁၆ ကော်လံ ၁




# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများအား ဖူးမြော်ကြည်ညို၊ အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု



**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး နှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများကိုဖူးမြော်ကြည်ညိုပြီး အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ပုဂံဘုရားများသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ သက်ဆိုင်ရာဌာနများနှင့် ဂေါပကအဖွဲ့များမှ တာဝန်ရှိသူများက အာနန္ဒာဂူဘုရားကြီး အနောက်ဘက် မဟာရံတံတိုင်း အပြင်ဘက်အနီးတွင် ရှေးဟောင်းရေစစ်ကန်ငယ် တူးဖော်တွေ့ရှိမှု၊ မြောက်ဘက် မဟာရံတံတိုင်း အပြင်ဘက်အနီးတွင် ရှေးဟောင်း အုတ်ရိုးတန်းတူးဖော်တွေ့ရှိမှုနှင့် အာနန္ဒာဂူဘုရားကြီး၊ ထီးလိုမင်းလိုဂူဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်တို့တွင် ကဏ္ဍအလိုက် ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စေရေး၊ ဘုရားပရဝဏ်အတွင်းအပြင် အစဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာတို့၌ ကျင်းပသည့် လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်ခြင်းနှင့် မိုးစပါးစိုက်ပျိုးပြသခြင်း အခမ်းအနားများသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူများထံ လက်ဆွဲမျိုးစေ့ချ ကိရိယာများ၊ သီးနှံမျိုးစေ့များ၊ ယူရီးယားမြေဩဇာများကို ပေးအပ်ပြီးနောက် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထိုနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ရှေ့ကျေးရွာရှိ ဆီထွက်သီးနှံအထူးဇုန် မိုးမြေပဲစိုက်ခင်း၊ ကျောက်ပန်းတောင်းမြို့နယ် ကြံစို့ကျေးရွာရှိ ပဲစင်းငုံ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ခင်းများသို့သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်ခြင်း၊ မိုးစပါးစိုက်ပျိုးပြသခြင်း အခမ်းအနားများနှင့် ဆီထွက်သီးနှံ စိုက်ခင်းများသို့ ရောက်ရှိစဉ် တောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို စားရေရိက္ခာဖူလုံရေး၊ စပါးသီးနှံနှင့် ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို ဟန်ချက်ညီစွာဆောင်ရွက်သွားရေး၊ လက်ဆွဲမျိုးစေ့ချကိရိယာများကိုတွင် ကျယ်စွာအသုံးပြုသွားရေး တို့ကိုပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၅၂၈၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၅၂၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၃၅ ဧက၊အင်းတော်မြို့နယ်တွင် ၂၀၅ ဧက၊ထီးချိုင့်မြို့နယ်တွင် ၄၆၀၅ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၁၃၅ ဧက စုစုပေါင်း ဧက ၅၂၈၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲပုပ် ဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလဲ ဆောင်ရွက်သွားမယ်။ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေရရှိဖို့နဲ့ စိုက်ပျိုးရေးနည်းပညာတွေ တောင်သူတွေ သိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲဖြစ်ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ပဲပုပ်သီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲပုပ်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲ အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှဝယ်ယူအားကောင်းလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို တစ်လအတွင်းရဲ့ ပထမပတ်လောက်က နေစတင်ပြီး ဝယ်လိုအားကသိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အကုန်အဆင်ပြေပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် စပါးစိုက်ပျိုးတောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဇာတာတော်ပုံရာဇဝင်

ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာရာဇဝင်ကျမ်းများတွင် ဇာတာတော်ပုံရာဇဝင်ဟူသောအမည်ဖြင့် ကျမ်းတစ်စောင်ရှိသည်။ ထိုကျမ်းတွင် ဘုရားတည်ဇာတာခွင်များ၊ မြို့တည်ဇာတာခွင်များ၊ မင်းတို့၏ဇာတာခွင်များကို အသားပေးဖော်ပြထားသဖြင့် ဇာတာတော်ပုံရာဇဝင်ဟုခေါ်ခဲ့ကြသည်။ ဇာတာတော်ပုံရာဇဝင်ကို ၁၉၆၀ ပြည့်နှစ်က ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ပြီး ထုတ်ဝေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်က ဒုတိယအကြိမ်ပြန်ထုတ်ခဲ့သည်။ ဇာတာတော်ပုံရာဇဝင်ကို တည်းဖြတ်ရာတွင်-

၁။ ဗုဒ္ဓဝင်ကဏ္ဍ

၂။ မဟာဝင်ကဏ္ဍ

၃။ သီဟဠဒီပဝင်ကဏ္ဍ

၄။ မြန်မာရာဇဝင်ကဏ္ဍ

၅။ ဇာတာပုံများကဏ္ဍ

၆။ ရာဇဝင်မှတ်စုများ

ဟူ၍ အပိုင်းခြောက်ပိုင်းခွဲကာ ဖော်ပြခဲ့သည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းကို ရှေးဟောင်းသုတေသနဌာနစာကြည့်တိုက်မှ လက်ရေးမူ၊ ပုဂံမြို့မှတစ်ဆင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်က ကူးထားသောလက်ရေးမူတို့ကို တိုက်ဆိုင်တည်းဖြတ်ပြီး ပုံနှိပ်ခဲ့ခြင်းဖြစ်သည်ဟု ဆရာဦးလှတင်(လှသမိန်)ကဆိုထားသည်။ လက်ရေးမူနှစ်စောင်လုံးမှာ ရှုပ်ထွေးနေပြီး အရေးအသားချွတ်ချော်ညံ့ဖျင်းလှသည်ဟု ဆရာကဆိုသည်။ ထိုလက်ရေးမူနှစ်ခုတွင် ရှေးဟောင်းသုတေသနဌာနမှမူကို အဓိကထားပြီး ပုဂံမူနှင့်တိုက်ဆိုင်ခဲ့သည်ဟုသိရသည်။

ဆရာဦးလှတင်(လှသမိန်) တည်းဖြတ်ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်ကျမ်းကို မည်သူရေးသားပြုစုခဲ့မှန်းမသိရပေ။ ကျမ်းပြီးနိဂုံးလည်းမပါသောကြောင့် ကျမ်းပြီးနှစ်လည်းမသိရပေ။ ထို့အတူ ဇာတာတော်ပုံရာဇဝင်ဟူသောအမည်ကို ကျမ်းတစ်စောင်လုံးတွင် မည်သည့်နေရာမှမပါပေ။ ဆရာဦးလှတင်(လှသမိန်)သည် ရှေးစာငယ်တစ်စောင်နှင့် ဦးဘသိန်းရေးသားသော ကျောင်းသုံးမြန်မာရာဇဝင်တွင်ပါရှိသည့် "သာလွန်မင်းလက်ထက်တွင် အဇာဂရုပုဏ္ဏားသည် ရာဇဝင်တစ်စောင်ရေးသား၍ ပုဏ္ဏားရာဇဝင်ဟုတွင်လျက် မင်းဇာတာများပါရှိသဖြင့် နောင်သော် ဇာတာတော်ပုံရာဇဝင်ဟုပင် ခေါ်ဝေါ်ကြသည်"၊ "မင်းရဲကျော်ထင်လက်ထက် မြန်မာမင်းဧကရာဇ်တို့၏ သက္ကရာဇ်ကိုပြသော ဇာတာပုံကျမ်းကို ရေးသားသည်"ဟူသော အမှတ်အသားနှစ်မျိုးကို နိဒါန်း၌ဖော်ပြထားသည်။ ဆရာကြီးသည် အဆိုပါကောက်နုတ်ချက်ကို နိဒါန်း၌ထည့်သွင်းဖော်ပြခဲ့သော်လည်း ဇာတာတော်ပုံရာဇဝင်ကျမ်းကို ပုဏ္ဏားအဇာဂရုရေးသည်ဟု အတိအကျပြောမသွားပါ။ ပြော၍လည်းမရပါ။ ထို့အတူပြုစုခဲ့သော ခေတ်မှာလည်း သာလွန်မင်းလက်ထက်လော၊ မင်းရဲကျော်ထင်လက်ထက်လော အတိအကျမသိရပါ။ ဇာတာတော်ပုံရာဇဝင်ကျမ်းအတွင်း၌ သာလွန်မင်းလက်ထက်ပြုစုသည်၊ မင်းရဲကျော်ထင်လက်ထက်ပြုစုသည်ဟူ၍ အတိအကျမပါသလို ဇာတာတော်ပုံဟူသော အမည်ကိုပင် သုံးထားခြင်းမတွေ့ရပါ။ ထို့ကြောင့် ထိုကျမ်းနှင့်ပတ်သက်၍ သုတေသနပြုရန် များစွာရှိသေးသည်ဟုဆိုပါမည်။

**ဇာတာတော်ပုံရာဇဝင်မူကွဲ**

တစ်နေ့တွင် ဆရာကြီးတမ္ပဝတီဦးဝင်းမောင်ထံမှ ဇာတာတော်ပုံ ရာဇဝင်ပေမူတစ်စောင် ရရှိခဲ့သည်။ ဆရာကြီးတမ္ပဝတီဦးဝင်းမောင်ထံမှ ရရှိခဲ့သောပေမှာ ရှစ်ကြောင်းရေးပေဖြစ်ပြီး ကအစ ဂိအဆုံး ၂ အင်္ဂါနှင့် သုံးချပ်ရှိသည်။ "ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်း"ဟု ကျမ်းအမည်ပါ၏။ ကျမ်းပြုသူ၊ ကျမ်းပြီးနှစ်မပါပေ။ ဤကျမ်းကို သေသေချာချာ ဖတ်ကြည့်သောအခါတွင် ဆရာဦးလှတင်(လှသမိန်)တည်းဖြတ် ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်ကျမ်း ဖြစ်နေပါသည်။

❖မြန်မာရာဇဝင်ကျမ်းများတွင် ဇာတာတော်ပုံ ရာဇဝင်ဟူသောအမည်ဖြင့် ကျမ်းတစ်စောင်ရှိသည်။ ထိုကျမ်းတွင် ဘုရားတည်ဇာတာခွင်များ၊ မြို့တည်ဇာတာခွင်များ၊ မင်းတို့၏ဇာတာခွင်များကို အသားပေးဖော်ပြထားသဖြင့် ဇာတာတော်ပုံရာဇဝင်ဟုခေါ်ခဲ့ကြသည်။ ဇာတာတော်ပုံရာဇဝင်ကို ၁၉၆၀ ပြည့်နှစ်က ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ပြီး ထုတ်ဝေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်က ဒုတိယအကြိမ်ပြန်ထုတ်ခဲ့သည်။ ဇာတာတော်ပုံရာဇဝင်ကို တည်းဖြတ်ရာတွင်- ၁။ ဗုဒ္ဓဝင်ကဏ္ဍ ၂။ မဟာဝင်ကဏ္ဍ ၃။ သီဟဠဒီပဝင်ကဏ္ဍ ၄။ မြန်မာရာဇဝင်ကဏ္ဍ ၅။ ဇာတာပုံများကဏ္ဍ ၆။ ရာဇဝင်မှတ်စုများ ဟူ၍ အပိုင်းခြောက်ပိုင်းခွဲကာ ဖော်ပြခဲ့သည်။ ❖

ဇာတာတော်ပုံရာဇဝင်နှင့် ဇမ္ဗူကွန်ချာဟုသာ ကွာခြားပြီး ကျမ်းတွင်းစာကိုယ်များမှာ အတူတူပင်ဖြစ်နေသည်။ တစ်နည်းအားဖြင့် ဇာတာတော်ပုံရာဇဝင်ကျမ်းမူကွဲဟုဆိုရပါမည်။ ပေမူက ဇမ္ဗူကွန်ချာဟု အမည်ပေးထားသည်သာ ကွာခြားပါသည်။ ဆရာဦးလှတင်(လှသမိန်)တည်းဖြတ်ထုတ်ဝေခဲ့သော ဇာတာတော်ပုံရာဇဝင်တွင် ကျမ်းအမည် တိတိကျကျမပါခြင်းကလည်း စဉ်းစားဖွယ်ရာဖြစ်သည်။ ဤပေမူအထောက်အထားအရ ထိုကျမ်းသည် ဇာတာတော်ပုံရာဇဝင်မဟုတ်ဘဲ ဇမ္ဗူကွန်ချာကျမ်းသာ ဖြစ်ဖွယ်ရာရှိသည်။ ဇမ္ဗူကွန်ချာဟူသော အမည်ဖြင့် သိသူများထင်ရှားသော နောက်ထပ်ကျမ်းတစ်စောင်လည်းရှိပါသေးသည်။ ထိုကျမ်းအကြောင်းကို ကုန်းဘောင်ခေတ် မြန်မာရာဇဝင်ကျမ်းများကဏ္ဍတွင် ဆက်၍ဆိုပါမည်။

ဆရာကြီးတမ္ပဝတီ ဦးဝင်းမောင်ထံမှရခဲ့သော ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်းသည် ကျမ်းပြီးနှစ်မပါသော်လည်း ပေကူးနှစ်မှာ "သက္ကရာဇ် ၁၁၈၇ တပေါင်းလပြည့်ကျော် ၁၅ ရက်၊ အင်္ဂါနေ့(၁၈၂၆ ခုမတ် ၇ ရက်) နေ့ တချက်တီးအချိမ်တွင် ရေးကူး၍ပြီးသုံ"ဟုပါရှိသည်။ ထို့ကြောင့် ဤပေမူမှာ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ကူးယူခဲ့သော ပေမူဖြစ်ကြောင်းသိရသည်။

ဤနေရာတွင် ပုံနှိပ်ထုတ်ဝေပြီးသော ဇာတာတော်ပုံကျမ်းနှင့် ယခုပေမူကို နှိုင်းယှဉ်၍ပြပါဦးမည်။ ဇာတာတော်ပုံရာဇဝင်ပုံနှိပ်မူတွင် "ခုနစ်သချေ်တွင်ဖြစ်သော ဘုရားပေါင်း"ဟူသော ခေါင်းစဉ်အောက်၌ "ငါတို့ဘုရားလောင်းကား ကဋ္ဌဝါဟနလုလင်ဖြစ်သောအခါ သမုဒ္ဒရာ၌ မယ်တော်ကိုထမ်း၍ကူးလျှင် ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တောမောစေယျံ၊ တိဏ္ဏော တာရေယျံဟူ၍ ဘုရားဆုကိုတောင်းစမူ၏"ဟူ၍ ဖော်ပြထား၏။ ပေမူတွင်လည်း "တို့ဘုရားလောင်းကား ကထဝါဟနလုလင်ဖြစ်သောအခါ သမုဒ္ဒရာရေ၌ မယ်တော်ကိုထန်း၍ကူးလျှင် ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံဟု ဘုရားဆုကိုတောင်းစမူ၏" ဟူ၍ တူညီစွာဖော်ပြထား၏။ ဌ နှင့်ထ၊ ထမ်းနှင့်ထန်းသာ သတ်ပုံကွာခြား၏။ ထို့ကြောင့် ဤပေမူမှာ ဇာတာတော်ပုံရာဇဝင်မူကွဲဖြစ်ကြောင်း သိနိုင်သည်။ အခြားသော အခန်းကဏ္ဍများဖြစ်သည့် မင်းဆက်စာရင်းများ၊ မဟာဝင် မင်းဆက်များ၊ ဇာတာတော်ပုံများ၊ လူမျိုး ၁၀၁ ပါးစာရင်းများတို့လည်း အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

ဤတွင် ထူးခြားချက်တစ်ခုကိုဖော်ပြလိုပါသေးသည်။ ခေတ်သစ်သမိုင်းသုတေသီများသည် ဇာတာတော်ပုံလာ စောလူးမင်း၏ နန်းစံခုနစ်နှစ်ကို အထောက်အထားပြု၍ အနော်ရထာမင်း၏နန်းတက်နှစ်သည် သက္ကရာဇ် ၄၀၆(အေဒီ၁၀၄၄)ဟု တွက်ချက်၍ယူကြသည်။ ထိုအတိုင်းပင်လျှင် ဇာတာတော်ပုံလာ စောလူးမင်းနန်းစံ ခုနစ်နှစ်ကိုအခြေပြုကာ အနော်ရထာမင်းနန်းတက်နှစ်ကို သက္ကရာဇ် ၄၀၆ ခုနှစ်ဟူ၍သာ တွင်တွင်ကြီးသုံးနေကြသည်။ ဤအသစ်တွေ့ပေမူတွင် စောလူးမင်းနန်းစံနှစ်ကို အိမ် နိမ့်၃၀၊ နန်းစံသုံးနှစ်၊ သက်တော် ၃၃ ဟုပြဆိုထားသည်။ စာအုပ်မူနှင့်လေးနှစ် ကွာဟနေသည်ကို တွေ့ရသည်။ ဤအချက်သည် ပညာရှင်များ အထူးသတိပြုသင့်သော အချက်ဖြစ်သည်။ ဤမူကွဲအရဆိုလျှင် စောလူးမင်းနန်းစံခုနစ်နှစ်နှင့်တွက်၍ယူသော အနော်ရထာမင်းနန်းတက်နှစ် သက္ကရာဇ် ၄၀၆ ခုနှစ်သည် သဘာဝကျတော့မည်မဟုတ်ပေ။ ဤကိစ္စကို သမိုင်းသုတေသီပညာရှင်များ လေ့လာအတည်ပြုပေးသင့်လှသည်။ ဆရာဦးလှတင်(လှသမိန်) တည်းဖြတ်ခဲ့သော ဇာတာတော်ပုံရာဇဝင် လက်ရေးမူနှစ်စောင်စလုံးသည် အကျအနအချွတ်အယွင်းများသည်ဟု ဆရာဦးလှတင်(လှသမိန်)ကိုယ်တိုင် နိဒါန်း၌ဆိုထားသဖြင့် ထိုမူသည်လည်း အမှားအယွင်းကင်းသည်ဟု မပြောနိုင်ပါ။ ယခုပေမူသည် သတ်ပုံသတ်ညွှန်းကအစ ရှင်းလင်းပြေပြစ်၏။ လက်ရေးလက်သားကောင်း၏။ ဇာတာတော်ပုံရာဇဝင်ကို ဤပေမူဖြင့်တိုက်ဆိုင်ကာ ပြန်လည်တည်းဖြတ်ပြင်ဆင်သင့်သည်ဟု ထင်မိပါသည်။ ထို့အတူ ဇာတာတော်ပုံရာဇဝင်ဟူသော အမည်သည်လည်း ကျမ်းစာကိုယ်အတွင်း၌ တစ်နေရာမှ မတွေ့ရသဖြင့် ဇာတာတော်ပုံရာဇဝင်ဟု အမည်ပေးထားခြင်းကိုလည်း ပြန်လည်စိစစ်သင့်ပါသည်။ ယခုပေမူတွင်ကား ဇမ္ဗူကွန်ချာဟု အမည်ထင်ထင်ရှားရှားတွေ့ရသဖြင့် ဇာတာတော်ပုံရာဇဝင်ဟူသည် ဇမ္ဗူကွန်ချာကျမ်းပင်ဖြစ်မည်ဟု ယူဆစရာရှိနေပါသည်။ ဤအချက်ကိုလည်း အတည်ပြုစစ်ဆေးရန်လိုပါသည်။

အသစ်တွေ့ပေမူတွင် "ဇမ္ဗူကွန်ချာဘိုးရာဇာမူဟောင်း"ဟုတွေ့ ရသဖြင့် ဤကျမ်းကို ဝန်ဇင်းမင်းရာဇာပြုစုခဲ့သလော တွေးတောရပေသည်။ ဝန်ဇင်းမင်းရာဇာသည် ပထမအင်းဝခေတ်တွင်ထင်ရှားသော ပညာရှိအမတ်ကြီးဖြစ်သည်။ ဝန်ဇင်းမင်းရာဇာသည် မင်းကြီးစွာစော်ကဲလက်ထက်မှ သားတော်ဆင်ဖြူရှင်တရဖျား၊ ညီတော်ပထမမင်းခေါင်လက်ထက်တိုင် မင်းသုံးဆက်တိတိ အတိုင်ပင်ခံပညာရှိကြီးအဖြစ်ထင်ရှားခဲ့သည်။ ဝန်ဇင်းမင်းရာဇာကို ဘိုးရာဇာဟူ၍လည်းခေါ်ကြသည်။ ပေမူတွင် ဘိုးရာဇာမူဟောင်းဟုဆိုထားသဖြင့် ဤကျမ်းကို ဝန်ဇင်းမင်းရာဇာပြုစုခဲ့သလောဟု တွေးတောစရာရှိပေသည်။ သို့သော်လည်း ဇမ္ဗူကွန်ချာကျမ်းတွင် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်ထိ ပါဝင်နေသဖြင့် ဝန်ဇင်းမင်းရာဇာနှင့်ကား အလှမ်းဝေးလှ၏။ ဝန်ဇင်းမင်းရာဇာသည် သက္ကရာဇ် ၇၈၃ တွင် ကွယ်လွန်သည်။ တနင်္ဂနွေမင်းသည် ၁၀၇၆ ခုနှစ်တွင် နန်းတက်သောကြောင့် နှစ်ပေါင်း ၂၉၃ နှစ်မျှကွာခြားနေ၏။ မဖြစ်နိုင်ဟုတွေးစရာရှိ၏။ တစ်နည်းတွေးရန်ရှိသည်မှာလည်း ဝန်ဇင်းမင်းရာဇာ ပြုစုခဲ့သောကျမ်းကို နောက်ပညာရှင်များက ထပ်မံဖြည့်စွက်ခဲ့သည်ဟု ယူဆ၍လည်းရပါသည်။

ထို့ကြောင့် ဇာတာတော်ပုံရာဇဝင်ကို ညောင်ရမ်းခေတ်သာလွန်မင်းလက်ထက်ပြုစုသည်၊ မင်းရဲကျော်ထင်လက်ထက်ပြုစုသည်၊ ပြုစုသူမှာ ပုဏ္ဏားအဇာဂရုဖြစ်သည်ဟူသော အဆိုများကိုလည်း ပြန်လည်ဆန်းစစ်သင့်ပါသည်။ ယခုအသစ်တွေ့ပေမူအရ ဇာတာတော်ပုံရာဇဝင်သည် အင်းဝခေတ်က ဝန်ဇင်းမင်းရာဇာ ပြုစုခဲ့သည်ဟု ယူဆစရာဖြစ်နေပါသည်။ ဤပြဿနာကို သမိုင်းပညာရှင်များသာ အဖြေရှာကြရန်ဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စာပေဖတ်ရှု ကောင်းရာတု

\- မြတ်စာပေ ဖတ်ရှု
ကောင်းရာတု အစဥ်ကွယ်၊
စာပေသည် အမှောင်ခွင်း
အလင်းဆောင်တယ်၊
စာဖတ်မှ သုတကြွယ်
လူ့ဘဝဝယ် တန်ဖိုးရှိ၊
စာပေသည် ရတနာမျိုးမို့
ဖိုးထိုက်ပါ၏ ။

\- ဘဝမှာ ကောင်းဆိုးသိ
ကြောင်းကျိုးညှိ ဆင်ခြင်နိုင်၊
စာပေသည်သာ လမ်းမှန်ပြ
လောကမဏ္ဍိုင်၊
လူသားဘဝ မယိမ်းယိုင်
ပွဲကိုင်ကာ တည့်မတ်ပေး၊
ကောင်းကျိုးတွေ အနန္တ
ရရှိမှာမနှေး။

\- စာဖတ်လျှင် စိတ်အတွေး
ရှင်းသန့်ဖွေး အစဥ်သာ၊
လူတိုင်းအပေါ် စာနာတတ်
မြင့်မြတ်စေတာ၊
စာဖတ်သော လူတိုင်းဟာ
တိုးတက်မှာ အမှန်မလွဲ၊
စာပေကို အစဥ်သာချစ်လို့
ထုဆစ်ဆင်နွှဲ။ ။

ရဲသွေးနီ(တက်ဝန်)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၂၀



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ကေ စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၂၀၄ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေပြည့်မီစေရန် ဒေသခံတောင်သူများက ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၆၉၉၉၉ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၆၁၂၀၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလဲ စပါးစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်း ကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲဖို့နဲ့ ရွှေခရုရောဂါကင်းဝေးစေဖို့ စိုက်ပျိုးရေး အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်တောင်သူများကို အထွက်နှုန်းကောင်းသောစပါးမျိုးများ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်းပြီး စပါးလျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့်ဇွန်လအတွင်းက ဓနိချပ်ရေ ၈၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းက ဓနိချပ်ရေ ၈၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနိချပ်ရေအများအပြား ရန်ကုန်စျေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေတင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲကောင်းပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ရန်ကုန်စျေးကွက်က ဓနိဝယ်ယူအား ကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံ ဓနိစိုက်ပျိုးရေးလုပ်ကိုင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံအများစုက စိုက်ပျိုးထားကြောင်း၊ အဆိုပါဒေသထွက်ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုဗ္ဗသီရိမြို့နယ် ပေါက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြင့်သာယာကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပေါက်တောကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ်၂၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ်၂၁ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၆၅သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ငွေကျပ် ၅၁ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေဝ်လူး

# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင် တိဘက်ဒေသ လာဆာမြို့သို့ သွားရောက်



ပေကျင်း ဩဂုတ် ၂၀

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းတည်ထောင်မှု နှစ် ၆၀ ပြည့် အထိမ်းအမှတ်အတွက် တိဘက်ဒေသ လာဆာမြို့သို့ ယနေ့တွင် သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်၏ ဒုတိယမြောက် တိဘက်ဒေသခရီးစဉ်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီသည် တိဘက်ဒေသကို တရုတ်နိုင်ငံ၏ ပဉ္စမမြောက်နှင့် နောက်ဆုံးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၁၉၆၅ ခုနှစ်တွင် တရားဝင်ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလေးခုမှာ မွန်ဂိုလီးယားဒေသ၊ ရှင်ကျန်းဒေသ၊ ကွမ်းရှီးဒေသနှင့် နင်ရှားဒေသတို့ ဖြစ်ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် တိဘက်ဒေသသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့သည်။

၂၀၂၁ ခုနှစ်မတိုင်မီ တိဘက်ဒေသသို့ သွားရောက်ခဲ့သော တရုတ်ခေါင်းဆောင်မှာ သမ္မတကျန်ဇီမင်းဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်တွင် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲ တရုတ်နိုင်ငံကျင်းပမည်

ပေကျင်း ဩဂုတ် ၂၀

ဒုတိယကမ္ဘာစစ် ပြီးဆုံးမှု နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံသည် စက်တင်ဘာ ၃ ရက်တွင် ပေကျင်းမြို့၌ ကြီးကျယ်ခမ်းနားသည့် စစ်ရေးပြချီတက်ပွဲ ကျင်းပရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲတွင် တရုတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာနှင့် လက်နက်အသစ်အဆန်းများပါဝင်ချီတက်မည်ဖြစ်ကြောင်း တရုတ်တပ်မတော် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

စက်တင်ဘာ ၃ ရက် စစ်ရေးပြချီတက်ပွဲသည် မိနစ် ၇၀ ကြာမြင့်မည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)စစ်ကြောင်း ၄၅ ခုနှင့် တိုက်လေယာဉ်များအပါအဝင် စစ်လေယာဉ်အရေအတွက် ရာနှင့်ချီပါဝင်မည်ဖြစ်သည်။

အလားတူ အသံ၏မြန်နှုန်းထက် ငါးဆပိုသောအမြန်နှုန်းဖြင့် ပျံသန်းနိုင်သော အဆင့်မြင့်နည်းပညာသုံး ဒုံးကျည်စနစ်သစ်များလည်း ပါဝင်မည်ဖြစ်ကြောင်း တရုတ်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

စက်တင်ဘာ ၃ ရက် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲသို့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နိုင်ငံတကာခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲတွင် တရုတ်နိုင်ငံအနေဖြင့် အက်ဖ်အိတ်ချ်-၉၇ အမည်ရှိ ရေဒါကိုယ်ယောင်ဖျောက် တိုက်ပွဲဝင်မောင်းသူမဲ့ လေယာဉ်တစ်မျိုးကိုလည်း ပထမဆုံးအကြိမ်ထည့်သွင်းပြသဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ရုရှားသမ္မတပူတင်ကိုကြိုဆိုမည်ဟု ဆွစ်ဇာလန်ပြောကြား

ဂျီနီဗာ ဩဂုတ် ၂၀

နိုင်ငံတကာရာဇဝတ်တရားရုံး (အိုင်စီစီ)က ဖမ်းဝရမ်းထုတ်ထားသော်လည်း ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် ရုရှားသမ္မတပူတင်ကို လက်ခံကြိုဆိုရန် အသင့်ရှိကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး အစ်ဂနာဇီယိုကတ်ဆစ်က ဩဂုတ် ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကြားနေနိုင်ငံတစ်နိုင်ငံဖြစ်သော ဆွစ်ဇာလန်နိုင်ငံသည် အိုင်စီစီ တရားရုံး ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သည်။




သို့ရာတွင် ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် ဆွစ်ဇာလန်သို့ ရုရှားသမ္မတပူတင် လာရောက်မည်ဆိုပါက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကြိုဆိုရန်အသင့်ရှိကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အိုင်စီစီတရားရုံးသည် ရုရှားသမ္မတပူတင်ကို ယူကရိန်းပဋိပက္ခကာလအတွင်း စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ၂၀၂၃ ခုနှစ်တွင် ဖမ်းဝရမ်းထုတ်ခဲ့သည်။

သို့ရာတွင် ရောမစာချုပ်၌ ပါဝင်လက်မှတ် ရေးထိုးထားခြင်းမရှိသည့် ရုရှားအစိုးရက အိုင်စီစီ၏ ဖမ်းဝရမ်းကို ပယ်ချထားသည်။

ရုရှားသမ္မတပူတင်နှင့် ယူကရိန်းသမ္မတဇီလန်စကီးတို့ပါဝင်သည့် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပနိုင်မည့် နေရာများထဲတွင် ဆွစ်ဇာလန်လည်း ပါဝင်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားထားသည်။

Ref : RT

Trs : KKO

## နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းခရီးစဉ်များပြန်စတင်ရန် တရုတ်နှင့် အိန္ဒိယသဘောတူ

ဒေလီ ဩဂုတ် ၂၀

နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များပျံသန်းမှု ပြန်လည်စတင်ရန်၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ အပြန်အလှန်မြှင့်တင်ရန် အိန္ဒိယနှင့်တရုတ်တို့က ဩဂုတ် ၁၉ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ နှစ်ရက်ကြာအိန္ဒိယခရီးစဉ်အတွင်း နှစ်နိုင်ငံကြား တိုက်ရိုက် လေကြောင်းခရီးစဉ်များပြန်လည်စတင်ရန်နှင့် စီးပွားရေးဆက်ဆံမှုများ မြှင့်တင်ရန် တရုတ်နှင့်အိန္ဒိယ တာဝန်ရှိသူများက သဘောတူခဲ့ကြခြင်းဖြစ်သည်။

ယင်းအပြင် တရုတ်နှင့်အိန္ဒိယ တာဝန်ရှိသူများသည် သတ်မှတ်နေရာ သုံးနေရာတို့၌ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်ဖွင့်ရန်လည်း သဘောတူထားကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။




၂၀၂၀ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်နိုင်ငံနယ်ခြားစောင့်တပ်များကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း နယ်စပ်သဘောတူညီချက်များ ရရှိခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီကိုယ်တိုင်သည်လည်း ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးထပ်မံတိုက်ခိုက်ခဲ့ပါက တုံ့ပြန်ရန် ဒုံးကျည်သစ်များတည်ဆောက်ထားကြောင်း အီရန်ပြောကြား

တီဟီရန် ဩဂုတ် ၂၀

အစ္စရေးနိုင်ငံက တိုက်ခိုက်မှုများထပ်မံလုပ်ဆောင်လာခဲ့ပါက တုံ့ပြန်ရေးအတွက် ဒုံးကျည်အမျိုးအစားသစ်များတည်ဆောက်ထားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အဇစ်နက်ဆာဇာဒါးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေး၏ စစ်ရေးခြိမ်းခြောက်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုနှစ်ဇွန်လတွင် ဖြစ်ပွားခဲ့သည့် ၁၂ ရက်ကြာ ပဋိပက္ခအတွင်း အသုံးပြုခဲ့သော ဒုံးကျည်များထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားသည့် ဒုံးကျည်များကို တည်ဆောက်ထားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးတပ်မတော်က ယခုနှစ် ဇွန် ၁၃ ရက်တွင် အီရန်နျူကလီးယား အဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အစ္စရေးနှင့် အီရန်တို့ကြား ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ရသည်။

အစ္စရေးနှင့် အီရန် ၁၂ ရက်ကြာပဋိပက္ခသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ဇွန် ၂၄ ရက်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပဋိပက္ခတွင် အမေရိကန်စစ်လေယာဉ်များကလည်း အီရန် နျူကလီးယားအဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

၁၂ ရက်ကြာ ပဋိပက္ခအတွက် အီရန်နိုင်ငံက အသုံးပြုခဲ့သည့် ဒုံးကျည်များသည် ပြီးခဲ့သည့်နှစ်များက ထုတ်လုပ်ထားသော ဒုံးကျည်များဖြစ်ပြီး ယခုထုတ်လုပ်ထားသည့် ဒုံးကျည်များမှာ ပို၍စွမ်းဆောင်ရည်မြင့်မားကြောင်း အီရန် ကာကွယ်ရေးဝန်ကြီးက ပြောကြားထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို စပေ့အိတ်ကုမ္ပဏီ လွှတ်တင်



ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ဩဂုတ် ၁၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီးနောက် မိနစ် ၅၀ အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၈ ရက်မစ်ရှင် အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ အင်တာနက်ဝန်ဆောင်မှုများ ပေးနေသော ဂြိုဟ်တုအစင်းပေါင်း ၈၁၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## နေအဖွဲ့အစည်းအတွင်းသို့ဝင်ရောက်လာသော 31/ATLAS ကြယ်တံခွန်က ကိုယ်ပိုင်အလင်းရောင်များကို ထုတ်လွှတ်နေဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၂၀

နေအဖွဲ့အစည်း အတွင်းသို့ ဝင်ရောက်လာသော ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသ ဒြပ်ထည်ဖြစ်သည့် 31/ATLAS ကြယ်တံခွန်သည် ကိုယ်ပိုင်အလင်းရောင်များကို ထုတ်လွှတ်နေဖွယ်ရှိကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။



အမေရိကန်သိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်ကို ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာတွင် 31/ATLAS ကြယ်တံခွန်၏ နေဘက်မျက်နှာမူနေသောအခြမ်း၌ အလင်းရောင်မှိန်မှိန်များ ထွက်ပေါ်နေသည့် နယ်မြေတစ်ခုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်၏ အထက်ပါနယ်မြေမှ ပေါ်ထွက်လာသော အလင်းအားမှာ ကျဆင်းသွားတတ်ရာ နေ၏အလင်းပြန်မှုကြောင့် ပေါ်ထွက်လာသောအလင်းရောင်မျိုးမဟုတ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်တွင် အလင်းထုတ်လွှတ်နိုင်သည့် ကိုယ်ပိုင် စွမ်းအင်အရင်းအမြစ်တစ်ခု ပိုင်ဆိုင်ထားဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသော တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည့် 31/ATLAS ကြယ်တံခွန်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အချိန်ကာလကြာမြင့်သည့် အာကာသမစ်ရှင်များတွင် အာကာသယာဉ်မှူးများကို အကူအညီပေးနိုင်မည့် AI သုံးဆေးပညာအထောက်အကူပြုစနစ်တစ်မျိုး ဖန်တီးမည်

ဝါရှင်တန် ဩဂုတ် ၂၀

အချိန်ကာလကြာမြင့်သည့် အာကာသမစ်ရှင်များတွင် အာကာသယာဉ်မှူးများကို အကူအညီပေးနိုင်မည့် လူ့ဉာဏ်ရည်တုနည်းပညာ (AI) သုံးဆေးပညာအထောက်အကူပြု စနစ်တစ်မျိုးကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဂူဂဲလ်ကုမ္ပဏီတို့ ပူးပေါင်းဖန်တီးမည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

CMD-DA အမည်ရှိ အဆိုပါ AI ဆေးပညာအထောက်အကူပြုစနစ်သည် ကမ္ဘာမြေနှင့် အဆက်အသွယ်များ ကြန့်ကြာနေမှုကြောင့် ဆေးပညာရှင်များနှင့် အချိန်နှင့်တစ်ပြေးညီမတိုင်ပင်နိုင်သည့်အခြေအနေမျိုးတွင် အာကာသယာဉ်မှူးများကို ဆေးပညာအရ အကူအညီပေးမည်ဖြစ်သည်။

အားတီးမစ် မစ်ရှင်ဖြင့် လကမ္ဘာဆီသို့ အာကာသယာဉ်မှူးများစေလွှတ်ရန် နာဆာကပြင်ဆင်နေချိန်တွင် CMD-DA AI ဆေးပညာအထောက်အကူပြုစနစ်ကို ဖန်တီးရန် နာဆာနှင့်ဂူဂဲလ်ကုမ္ပဏီတို့ စီစဉ်နေခြင်းဖြစ်သည်။

လကမ္ဘာခရီးစဉ်နှင့် အင်္ဂါဂြိုဟ်ခရီးစဉ်များတွင် ကမ္ဘာဂြိုဟ်နှင့် အာကာသယာဉ်များကြား အဆက်အသွယ်များမှာ တစ်ခါတစ်ရံ ၄၅ မိနစ်ထိ ကြန့်ကြာတတ်ရာ အရေးပေါ်ကျန်းမာရေးကိစ္စများတွင် မြေပြင်ရှိ ဆေးပညာရှင်များနှင့် အချိန်နှင့် တစ်ပြေးညီတိုင်ပင်ရန် မဖြစ်နိုင်ကြောင်း၊ နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများကို လကမ္ဘာဝန်းကျင်သို့ ၂၀၂၆ ခုနှစ်တွင် စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သွေးအတွင်း PFRS ပါဝင်မှုမြင့်မားသော ဆယ်ကျော်သက်များ ကိုယ်အလေးချိန် လျှော့ချရာတွင် အခက်အခဲရှိနိုင်

နယူးယောက် ဩဂုတ် ၂၀

သွေးအတွင်း PFRS ခေါ် ဓာတုပစ္စည်း ပါဝင်မှုမြင့်မားသော ဆယ်ကျော်သက်များ ကိုယ်အလေးအချိန်လျှော့ချရာတွင် အခက်အခဲရှိလာနိုင်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း PFRS ဓာတုပစ္စည်း ပါဝင်မှု အဆင့်မြင့်မားသည့် ဆယ်ကျော်သက်များအနေဖြင့် ခွဲစိတ်မှုနည်းလမ်းဖြင့် ကိုယ်အလေးချိန် လျှော့ချထားလျှင် နောက်ပိုင်း ကိုယ်အလေးချိန် ပြန်လည်မြင့်တက်လာတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ကြား ခွဲစိတ်ကုသ၍ ကိုယ်အလေးချိန်လျှော့ချခဲ့သူ ဆယ်ကျော်သက် ၁၀၆ ဦးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သွေးအတွင်း PFRS ဓာတုပစ္စည်းပါဝင်မှုအဆင့် အမြင့်ဆုံးရှိခဲ့သူများသည် ခွဲစိတ်မှုခံယူပြီးနောက်ပိုင်း နှစ်စဉ်ကိုယ်အလေးချိန်တိုးလာနိုင်ခြေမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်မားလာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

PFRS ဓာတုပစ္စည်းများသည် ၁၉၄၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ လူသုံးပစ္စည်းအမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုခဲ့သည့် ဓာတုပစ္စည်းများဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မုန်လာဥနီစားသုံးမှု လွန်ကဲပါက အမျိုးသားများ၌ လိင်ကျန်းမာရေးထိခိုက်နိုင်

ပေကျင်း ဩဂုတ် ၂၀

မုန်လာဥနီ စားသုံးမှုသည် ကျန်းမာရေးအတွက် များစွာ အထောက်အကူ ပြုသော်လည်း စားသုံးမှုလွန်ကဲပါက အမျိုးသားများ၌ လိင်ကျန်းမာရေးထိခိုက်လာနိုင်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မုန်လာဥနီတွင် Carotenes ခေါ် ဓာတုဒြပ်ပေါင်း တစ်မျိုးပါဝင်ပြီး အဆိုပါဓာတုဒြပ်ပေါင်းစားသုံးမှု လွန်ကဲပါက အမျိုးသားများ၌ ပန်းသေ၊ ပန်းညှိုးပြဿနာပေါ်လာနိုင်ခြေ ၆၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Carotenes ဓာတုဒြပ်ပေါင်းသည် ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်သော အောက်ဆီဂျင်ဓာတ်ဖျက် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားသည့် ဓာတုဒြပ်ပေါင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Carotenes ဓာတုဒြပ်ပေါင်း စားသုံးမှုလွန်ကဲပါက အမျိုးသားများ၌ ပန်းသေ၊ ပန်းညှိုး ပြဿနာပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ပေကျင်းမြို့တော် ပီကင်းတက္ကသိုလ် ဆေးရုံကြီးမှ သုတေသနပညာရှင်များက ပြောကြားသည်။

Carotenes ဓာတုဒြပ်ပေါင်းကြောင့် အမျိုးသားများသည် လိင်အတွက်အရေးကြီးသည့် Endothelium ခေါ် သွေးကြောများအတွင်း အတွင်းလွှာများ ပျက်စီးသွားနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆု တိုက်စစ်မှူး ဆာလာဟ် ဆွတ်ခူး

လန်ဒန် ဩဂုတ် ၂၀

ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ် (PFA) က ချီးမြှင့်ပေးအပ်သည့် ၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လီဗာပူးတိုက်စစ်မှူး ဆာလာဟ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆာလာဟ်သည် အဆိုပါဆုအတွက် ဆန်ခါတင်စာရင်းတွင် အသင်းဖော် ကစားသမား မက်အယ်လစ်စတာ၊ မန်ယူ အသင်းကစားသမား ဘရူနိုဖာနန်ဒက်စ်၊ နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်၊ ချဲလ်ဆီး ကစားသမား ပယ်မာ၊ အာဆင်နယ် အသင်းကစားသမား ဒီကလန်ရိုက်တို့နှင့်အတူ ပါဝင်ခဲ့ရသော်လည်း ဆာလာဟ်အနေဖြင့် လီဗာပူးအသင်းကို ချန်ပီယံဆုဖလား ရရှိအောင် အဓိကနေရာမှ ပါဝင်၍ သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် တစ်နှစ်တာ အကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး ဆာလာဟ်သည် တစ်နှစ်တာ အကောင်းဆုံးဆုကို ၂၀၁၈ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့်ယခုတစ်ကြိမ်အပါအဝင် သုံးကြိမ်မြောက်ရရှိခဲ့သောကြောင့် ပရော်ဖက်ရှင်နယ်တစ်နှစ်တာ အကောင်းဆုံးဆုကို သုံးကြိမ်မြောက်ရရှိသည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့ပြီး ဟင်နရီ၊ စီရော်နယ်ဒို၊ ဂါရတ်ဘေး၊ ဒီဘရိုင်း၊ အလန်ရှီးယားနှင့်မာ့ဟုချ်တို့က နှစ်ကြိမ်ဆက်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လူငယ်တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို အေဗီလာအသင်းမှ ကွင်းလယ် တိုက်စစ်ကစားသမား ရော်ဂျာက ဆွတ်ခူးခဲ့ပြီး အစ်ဝှစ်တိုက်စစ်မှူး ဒီလက်ပ်၊ အာဆင်နယ်မှ လီဝစ်စကယ်လီ၊ နဝမ်နာရီ၊ ဘုန်းမောက်မှ ကာကက်ဇ်နှင့် ဟူအီဆန်တို့ကို ကျော်ဖြတ်၍ အကောင်းဆုံးဆု ရယူနိုင်ခဲ့ပြီး အမျိုးသမီး တစ်နှစ်တာအကောင်းဆုံးဆုကို အာဆင်နယ်အသင်းမှ မာရီအိုနာက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ အေဗီလာအသင်းနည်းပြ အမ်မရီက ဗီလာရီးရဲလ်အသင်းတွင် လက်တွဲခဲ့သည့် တိုက်စစ်မှူး ဂျက်ဆင်ကို ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း နယူးကာဆယ်အသင်းအပါအဝင် အီတလီကလပ်အသင်းများနှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေရကြောင်း သိရသည်။
- ❑ ဝုဗ်အသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဘာစီလိုနာအသင်း လူငယ်ကစားသမား ကာဆာဒိုကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။
- ❑ အတ္တလန်တာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရထားသည့် တိုက်စစ်မှူး မူနစ်၏နေရာကို အစားထိုးနိုင်မည့် တိုက်စစ်မှူး ရှာဖွေရန် ခက်ခဲနေသည့်အတွက် ဖူလ်ဟမ်အသင်းက အပြောင်းအရွှေ့ကို ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

ML

# ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ အိုကိုလီက တက်သစ်စကြယ်ပွင့် မော့ဆက်ကို စိန်ခေါ်



လန်ဒန် ဩဂုတ် ၂၀

WBO ခရူဆာဝိတ်တန်းနှင့် WBC ဘရစ်ဂ်ဝိတ်တန်းတို့တွင် ကမ္ဘာ့ချန်ပီယံ ခါးပတ်များကို ဆွတ်ခူးနိုင်ခဲ့ဖူးသော ဗြိတိန်လက်ဝှေ့သမား အိုကိုလီက မော့ဆက်အား စိန်ခေါ်လိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

WBA International နှင့် WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံ အသက် ၂၀ အရွယ် ဗြိတိန်လက်ဝှေ့သမား မော့ဆက်သည် ကမ္ဘာ့ချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား ဒီလီယန်ဝိုက်အား ပထမအချီ နှစ်မိနစ် မပြည့်ခင်မှာပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီးနောက် လက်ဝှေ့လောကတွင် နာမည်ရလာသည့် လက်ဝှေ့သမားဖြစ်သည်။

၎င်းသည် ဗြိတိန်လက်ဝှေ့လောက၏ အနာဂတ်လက်ဝှေ့သမားအဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်ပြီး အသက် ၃၂ နှစ်အရွယ် အိုကိုလီနှင့်အသက် ၁၅ နှစ်အရွယ်ကတည်းက သိကျွမ်းခဲ့သူလည်းဖြစ်သည်။

အိုကိုလီသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ကူးပြောင်းခဲ့ပြီးနောက်ပိုင်း လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နေစဉ် ကျောင်းသားအရွယ်သာ ရှိသေးသည့် အသက် ၁၅ နှစ်အရွယ် မော့ဆက်သည် လက်ဝှေ့အားကစားအပေါ် ရူးသွပ်ပြီး အိုကိုလီ၏ လေ့ကျင့်မှုများအား သွားရောက်ကြည့်ရှုခဲ့သူဖြစ်သည်။

ယင်းအပြင် စိတ်ပါဝင်စားသည့်အတွက် အိုကိုလီလေ့ကျင့်နေသည့် အားကစားရုံတွင် ကိုယ်တိုင် ပါဝင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့သူလည်းဖြစ်သည်။

အိုကိုလီက “မော့ဆက်နဲ့ ထိုးသတ်သွားချင်တယ်။ ကျွန်တော်သူနဲ့ ထိုးသတ်သွားမယ်ဆိုတာ ၁၀၀ ရာခိုင်နှုန်းသေချာတယ်။ မော့ဆက်ဟာအနေးနဲ့အမြန် အကောင်းဆုံး လက်ဝှေ့သမား တစ်ယောက်ဖြစ်လာလိမ့်မယ်။ ဘာလို့ကျွန်တော် ဒီလိုပြောသလဲဆိုတော့ သူငယ်စဉ်ကလေးဘဝကတည်းက ကျွန်တော်သူနဲ့ ဆုံခဲ့ဖူးတယ်” ဟု ပြောကြားခဲ့သည်။

အိုကိုလီသည် ၎င်းထင်ကြေးပေးထားသည့်အတိုင်း မော့ဆက်အနေဖြင့် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရသွားပါက ၎င်းအနေဖြင့် စိန်ခေါ်ရခက်မည်ကို စိုးရိမ်သည့်အတွက် လက်ရှိကာလအတွင်း စိန်ခေါ်ထိုးသတ်သွားရန် စီစဉ်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။ Ref : DAZN

Trs : AZL

# ၂၀၂၄-၂၀၂၅ ပရီးမီးယားလိဂ် အကောင်းဆုံးအသင်းတွင် မန်စီးတီးအသင်းမှ ကစားသမားများပါဝင်ခြင်းမရှိခဲ့

လန်ဒန် ဩဂုတ် ၂၀

ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ၂၀၂၄-၂၀၂၅ ခုနှစ် ပရီးမီးယားလိဂ် အကောင်းဆုံးအသင်း ကစားသမား ၁၁ ဦးစာရင်းတွင် မန်စီးတီးအသင်းမှကစားသမားတစ်ဦးမျှပါဝင်ခဲ့ခြင်း မရှိသည့်အပြင် အကောင်းဆုံးဆုဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သည့် မန်ယူအသင်းမှ ဘရူနိုဖာနန်ဒက်စ်နှင့် ချဲလ်ဆီးအသင်းမှ ပယ်မာတို့လည်း ပါဝင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

တစ်နှစ်တာ အကောင်းဆုံး အသင်း ကစားသမား ၁၁ ဦး စာရင်းတွင် နော်တင်ဟမ်အသင်းမှ ဂိုးသမား မက်ဆဲလ်၊ လီဗာပူးအသင်းမှ ခံစစ်ကစားသမား ဗန်ဒိုက်၊ အာဆင်နယ်အသင်းမှ ဆာလီဘာ၊ ဂါဘရီရယ်၊ ဘုန်းမောက်အသင်းမှ ကာကက်ဇ်၊ အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်၊ လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ်၊ ကွင်းလယ်ကစားသမား မက်အယ်လစ်စတာ၊ လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလာဟ်၊ နယူးကာဆယ်အသင်းမှ တိုက်စစ်မှူး အစ်ဆက်ခ်နှင့် နော်တင်ဟမ်အသင်းမှ တိုက်စစ်မှူး ခရစ်ဝုဒ်တို့ ဖြစ်သည်။

အဆိုပါ ကစားသမားစာရင်းတွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းမှ ကစားသမားအများဆုံး ပါဝင်လာခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက အဓိက ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ဟာလန်း၊ တောင်ပံကစားသမား ဖိုဒန်၊ ကွင်းလယ်ကစားသမား ဒီဘရိုင်းတို့ ခြေစွမ်းပိုင်းကျဆင်းခဲ့သည့်အပြင် ကွင်းလယ်ကစားသမား ရိုဒရီသည်လည်း ဒဏ်ရာကြောင့် တစ်ရာသီလုံးနီးပါး အနားယူခဲ့ရပြီးနောက် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီနောက်ပိုင်း အကောင်းဆုံးအသင်းတွင် ပထမဆုံးအကြိမ် ကစားသမားတစ်ဦးမျှပါဝင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဂိုးသမားဆက်ဇနီ ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် လီဗန်တေးနှင့်ပွဲစဉ်ကို လွဲချော်မည်

ဘာစီလိုနာ ဩဂုတ် ၂၀

ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်း ဂိုးပေါက်ကို အကောင်းဆုံး ကာကွယ်မှုပြုလုပ်၍ ပြည်တွင်းဆုဖလားသုံးလုံး ရယူပေးခဲ့သည့် ဂိုးသမား ဆက်ဇနီသည် အသင်းမှ ဂိုးသမား ပီနာ၏ အပြောင်းအရွှေ့ကို စောင့်ဆိုင်းနေရသောကြောင့် ကစားသမား မှတ်ပုံတင်နိုင်ခြင်း မရှိသေးဘဲ လာမည့် လီဗန်တေးအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ဆက်ဇနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းက ဂိုးသမားအခက်အခဲကြောင့် ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရာ လက်စွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့် ဆုဖလားသုံးလုံး ရယူပေးနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရခဲ့သော်လည်း အသင်းဘဏ္ဍာရေး အခက်အခဲကြောင့် လက်ရှိအချိန်ထိ ကစားသမားမှတ်ပုံတင်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် လာလီဂါက ချမှတ်ထားသည့် ဝင်ငွေထွက်ငွေ စည်းမျဉ်းကြောင့် ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ပေါ်နေကာ အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နှင့် ဂိုးသမား ဂါစီယာတို့ကိုလည်း ပြီးခဲ့သည့် မာယော့ကာအသင်းနှင့် အဖွင့်ပွဲစဉ်မတိုင်မီမှသာ မှတ်ပုံတင်နိုင်ခဲ့ပြီး လက်ရှိတွင် ခံစစ်ကစားသမား မာတင်နှင့် ဂိုးသမား ဆက်ဇနီတို့ကို မှတ်ပုံတင်ရန် ကျန်ရှိနေသော်လည်း ကွင်းလယ်ကစားသမား ရိုမီယူကိုသာ လက်လွှတ်ခဲ့သောကြောင့် မာတင်အနေဖြင့် လီဗန်တေးပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်သော်လည်း ဂိုးသမား ဆက်ဇနီကို မှတ်ပုံတင်ရန်အတွက် ဗယ်လ်ကာနိုအသင်းနှင့် ပွဲစဉ်မှသာ ဖြစ်နိုင်ဖွယ်ရှိသည်။



လက်ရှိတွင် အသင်းအနေဖြင့် ဂိုးသမား ပီနာကို ရောင်းချရန် သို့မဟုတ် အငှားစေလွှတ်ရန် သေချာနေသော်လည်း ဆွေးနွေးမှုများပြုလုပ်နေသကဲ့သို့ လူငယ်ကစားသမား ဟက်တာဖို့ဒ်ကိုလည်း အေဗီလာအသင်းသို့ အငှားစေလွှတ်ရန် စီစဉ်နေသောကြောင့် အဆိုပါကစားသမားများ အသင်းမှ ထွက်ခွာမှသာ ဆက်ဇနီအနေဖြင့် ကစားသမား မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ၂၀၂၅ အာဆီယံအမျိုးသမီး ယူ-၁၆ ပြိုင်ပွဲဝင်ရန် မြန်မာအမျိုးသမီးအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ




ရန်ကုန် ဩဂုတ် ၂၀

မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ အာဆီယံအမျိုးသမီး ယူ-၁၆ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ယနေ့ညနေပိုင်းက ရန်ကုန်-ဗန်ကောက်-အင်ဒိုနီးရှားလေယာဉ်ခရီးစဉ်ဖြင့် ထွက်ခွာသွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၆အသင်းကို အသင်းအုပ်ချုပ်သူအဖြစ် Mr. Mita Michiteru ၊ နည်းပြချုပ်အဖြစ် Ms. Kumiko Tashiro၊ လက်ထောက်နည်းပြများအဖြစ် ဒေါ်နွယ်နွယ်တိုး၊နန်းသန်းဝင်း၊ ဂိုးနည်းပြအဖြစ် ဒေါ်မေခင်ယမင်းတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲကို ဩဂုတ် ၂၀ရက်မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၆ အသင်းသည် အုပ်စု (ခ)တွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အုပ်စု သုံးခုခွဲထားပြီး အုပ်စုပထမ သုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယ တစ်သင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်သည်။

မြန်မာအသင်းသည် ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် ညနေ ၃နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်အသင်းတို့က တိုက်စစ်မှူးအန်ကူကူကို ခေါ်ယူရန် အပြိုင်ကြိုးပမ်း

လန်ဒန် ဩဂုတ် ၂၀

ဘိုင်ယန်မြူးနစ် အသင်းနှင့် အင်တာမီလန် အသင်းတို့က ချဲလ်ဆီးအသင်းက ရောင်းချရန်အတွက် အတည်ပြုထားသည့် တိုက်စစ်ကစားသမား အန်ကူကူကို အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အန်ကူကူသည် လိုက်ပ်ဇစ် အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာ များနှင့်သာ ရုန်းကန်နေရပြီး ပွဲကစားခွင့်များ နည်းပါးနေခြင်းဖြစ်သည်။

အန်ကူကူသည် ချဲလ်ဆီးအသင်းတွင် နည်းပြမာရက်စ်ကာ လက်အောက်၌ ပွဲကစားခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာ ကစားနေရသည့်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်း၌ လီဗာပူးအသင်းမှ ဒီယက်ဇ်ကို ခေါ်ယူထားပြီးဖြစ်သော်လည်း အန်ကူကူကို လိုက်ပ်ဇစ်အသင်းတွင် ကစားစဉ်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ယခုအခါတွင်လည်း ထပ်မံခေါ်ယူလိုနေခြင်းဖြစ်သည်။

အင်တာမီလန်အသင်းကလည်း လက်ရှိရာသီတွင် အီတလီစီးရီးအေ ချန်ပီယံဆု ပြန်လည်စိန်ခေါ်နိုင်ရန်အတွက် တိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေသောကြောင့် အန်ကူကူကို ဘိုင်ယန်မြူးနစ်အသင်းနှင့်အပြိုင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဒဏ်ရာအခြေအနေပြန်လည်သက်သာလာသည့် ဘီလီဟော့စချယ် မကြာမီပြိုင်ပွဲဝင်တော့မည်ဖြစ်ကြောင်း ပြောကြား

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘီလီဟော့စချယ်သည် ပြီးခဲ့သည့်မေလက တင်ပါးဆုံရိုးဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် အဓိကပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသူဖြစ်ကြောင်း သိရသည်။

ဘီလီဟော့စချယ်သည် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးသူဖြစ်သလို ယခုနှစ် BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်ပစ်မှတ်ထားနေသူဖြစ်သည်။

ဘီလီဟော့စချယ်သည် BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် အကောင်းဆုံးပြင်ဆင်ထားသလို ပြိုင်ပွဲဝင်ရန် အဆင်သင့် ဖြစ်နေကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘီလီဟော့စချယ်က"အားလုံးကို တရားဝင် အသိပေးသွားချင်တာကတော့ ကျွန်တော်အရမ်းသဘောကျတဲ့ BMW PGA Championshipဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော် ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ မနှစ်က ပျော်ရွှင်စရာတွေနဲ့ အဆုံးသတ်နိုင်ခဲ့တဲ့ ပြိုင်ပွဲမှာ ပြန်လည်ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲကြီးမှာ လက်ရှိကမ္ဘာ့အကောင်းဆုံးကစားသမားတွေနဲ့အတူ ပါဝင်ယှဉ်ပြိုင်ရမှာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရတာကနေ ပြိုင်ပွဲပြန်ဝင်ရတော့မှာဖြစ်ပြီး ပရိသတ်တွေရှေ့ကို ပြန်သွားရတော့မှာကိုလဲ စိတ်လှုပ်ရှားနေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အာဂျင်တီးနားအသင်း ကစားသမားစာရင်းမှ ဂါနာချို ချန်လှပ်ခံရ

ဗျူနိုစ်အေရိစ် ဩဂုတ် ၂၀

အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီက လာမည့် စက်တင်ဘာလအတွင်းကစားမည့် အသင်း ကစားသမားစာရင်းမှ လူငယ်တိုက်စစ်ကစားသမား ဂါနာချိုကို ချန်လှပ်ခဲ့ကြောင်း သိရသည်။

ဂါနာချိုသည် အစောပိုင်းက မန်ယူအသင်းနှင့်ပြသနိုင်ခဲ့သည့် ခြေစွမ်းများကြောင့် နည်းပြစကာလိုနီ၏ အာဂျင်တီးနား အသင်း ကစားသမားစာရင်းတွင် ရွေးချယ် ခံခဲ့ရသော်လည်း ယခုအခါ နည်းပြစကာလိုနီ၏ ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရခြင်းဖြစ်သည်။

ဂါနာချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းတွင် နည်းပြအာမိုရင်နှင့်ဆက်ဆံရေးတင်းမာမှုများ ရှိခဲ့ပြီးနောက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်အတွက် ကြိုးပမ်းနေပြီး အနာဂတ်မရေရာမှုများနှင့်အတူ အာဂျင်တီးနား အသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

နည်းပြစကာလိုနီက ဂါနာချိုကို အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့သော်လည်း အသင်းတွင် တစ်ခါမှခေါ်ယူခြင်းမရှိသေးသည့် လူငယ်ကစားသမားများဖြစ်သည့် အက်ချယ်ဗာလီ၊ ဗာရယ်လာနှင့် ဟိုဆေးလိုပက်တို့ကို ခေါ်ယူခဲ့သည်။

အာဂျင်တီးနား အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် လာမည့်လအတွင်း ဗင်နီဇွဲလား အသင်း၊ အီကွေဒေါအသင်းတို့နှင့် ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# US Open အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် စဝီယာတက်ခ်နှင့် ကပ်စပါရုဒ်တို့အတွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်

နယူးယောက် ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်တို့အတွဲက အမေရိကန်တင်းနစ်မယ် မက်နယ်လေနှင့်အီတလီတင်းနစ်ကစားသမား မူဆက်တီတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်နှင့် ကပ်စပါရုဒ်တို့အတွဲက (၄-၁၊ ၄-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



US Openအမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲသည် US Openတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲအတွက် လက်ရွေးစင်ပွဲများ ကျင်းပနေစဉ်ကာလအတွင်း ပြိုင်ပွဲအားတိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရထားသော ပြိုင်ပွဲဝင်များအား အမျိုးသား၊အမျိုးသမီးနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ ကျင်းပပေးခြင်းလည်းဖြစ်သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က " ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ Cincinnati Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနေ့နဲ့ အခုဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်နေရတာကို တစ်ရက်တည်းလို့ စိတ်ထဲမှာ ခံစားနေမိတယ်။နယူးယောက်ကို လာရောက်ကစားခွင့်ရတာကို ဝမ်းသာပျော်ရွှင်မိပါတယ်။ ခက်ခဲတဲ့အခြေအနေတစ်ခုကနေ အခုလိုအကောင်းဆုံးပုံစံ ရောက်လာအောင် အခြေအနေတွေကို ပြောင်းလဲနိုင်ဖို့ အများကြီးကြိုးစားခဲ့ရတယ်။ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ နောက်ထပ်စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်သွားဖို့လဲ အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတော်ဖွံ့ဖြိုးရေး ဘက်စုံပညာရေးကိုအားပေး

**ထက်ဝေအောင်(စစ်ကိုင်း)**

လူထဲကလူ သိပ်တော်သောလူတစ်ယောက် ဖြစ်လိုလျှင် ပညာလေ့လာသင်ကြားအားထုတ်ရမည်ဖြစ်သည်။ ပညာသည် ဦးနှောက်ကို ကောင်းစွာ အလုပ်ပေးနိုင်သဖြင့် စဉ်းစားတွေးခေါ်မှု၊ ဉာဏ်ရည်ဉာဏ်သွေး သာလွန်ထက်မြက်စေသည်။ စွမ်းရည်ပြည့်ဝသော လူ့အသိုက်အဝန်း တစ်ရပ်ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် လူတစ်ဦးချင်းစီ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းသည် လွန်စွာအရေးပါလျက်ရှိသည်။ လူ့ဘဝတစ်လျှောက်တွင် အခက်အခဲဆုံးသော အလုပ်များဖြင့် ပြည့်နှက်နေလေ့ရှိပြီး လောကဓမ္မ၊ လောကဓံတရားများနှင့် ရင်ဆိုင်ကြရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြေရှင်း ဆောင်ရွက်နိုင်ရေးမှာမူ အရေးကြီးလှပေသည်။

သက်ဝင်လှုပ်ရှားမှုရှိသော ပြောင်းလဲမှုများကို ခံနိုင်ရည်ရှိရှိဖြင့် ဖြေရှင်းဆောင်ရွက်၍ ဘဝကို ထူထောင်ကြရသည်။ ဘဝရပ်တည်ရေးအတွက် ငွေကြေးသည် ဝင်သက်ထွက်သက်နှင့်အတူ ဖြစ်တည်လေ့ရှိသည်။ နေ့စဉ်ဘဝ ပိုက်ဆံငွေကြေးရရှိရေး ပုံစံမျိုးစုံ၊ အလုပ်မျိုးစုံ လုပ်ကိုင်ဆောင်ရွက်ကြရသည်။ ကာယ၊ ဉာဏ၊ လုံ့လပြု၍ ဘဝအခြေပြုကာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးကြသည်။ ကာယလုပ်သားကြီးများသည် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ဝေးကွာခဲ့ရပြီး ခွန်အားဗလ အရင်းအနှီးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရသည်။ ဉာဏလုပ်သားများမှာမူ အရိပ်အောက်တွင် ကိုယ်ခန္ဓာမပင်ပန်း တစ်ဖက်တစ်လမ်းမှ နိုင်ငံကအားထားကြရပေသည်။

ပညာရေးသည် ဘဝအဆင့်ဆင့်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပေသည်။ ပညာသင်ကြားရာတွင် အဆင်ပြေမှု၊ အဆင်မပြေမှု ကြားမှ ခြေလှမ်းစတင်ရခြင်းဖြစ်သည်။ ဘဝအခက်အခဲနှင့် ပညာသင်ကြားမှုဖြစ်စဉ် ကွဲပြားစွာနားလည် သိရှိမှသာ ပညာပန်းတိုင်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးသည် ကဏ္ဍတစ်ခုအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်နေလေ့ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်ရေး၊ အဆောက်အအုံနှင့် လမ်းတံတားတည်ဆောက်ရေး၊ အိုင်တီနည်းပညာမြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအစရှိသော အရေးပါသည့် နယ်ပယ်အသီးသီးတွင် ပညာ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရမည်ဖြစ်သည်။

ဘဝအုတ်မြစ်ခိုင်ခံ့အောင်တည်ဆောက်ကြရာတွင် ပညာရေးသည် အခြေခံအကျဆုံးဖြစ်သည်။ ကျောင်းတွင်း ပညာသင်ယူခြင်းကို အစပြု၍ ဘဝကို ပိုမိုတောက်ပအောင် ဆောင်ရွက်ကြရပေသည်။ ပညာအရင်းအနှီးကြီးမားလှသည်။ သင်ယူနိုင်စွမ်းရှိသလောက် ဦးနှောက်ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေသည်။ ဖြတ်ထိုးဉာဏ်နှင့် ဗဟုသုတအထွေထွေ တိုးပွားရရှိစေရန် များစွာအထောက်အကူပြုသည်။ ပညာလိုအိုသည့်တိုင် သင်ယူနိုင်စွမ်းရှိသဖြင့် ပညာ၏ အရေးပါမှုကို သိရှိနိုင်ပေသည်။

ပညာရေးသည် နိုင်ငံတော်၏ မျှော်မှန်းချက်၊ အခြေခံအုတ်မြစ်ဖြစ်သည်။ စိုက်ပျိုးရေးပညာ၊

> **❖"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ကြွေးကြော်မှုသည် ပညာရည်အဆင့်အတန်းမြင့်မားမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မည့် ယုံကြည်ချက်ကို ကိုယ်စားပြုပေသည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းကို မွေးထုတ်ပေးနိုင်မှုကိုလည်း အထောက်အကူပြုစေသည်။ အလားတူပညာရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေးအစရှိသော ကဏ္ဍများကို အမှန်နှင့်အမှား လမ်းပြပေးနိုင်သည်။ ❖**

မွေးမြူရေးပညာ၊ စက်မှုပညာရပ်များကို လွယ်လင့်တကူ သင်ကြားခွင့်ရရှိမှု ဦးတည်ချက်ထက်သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိရေးပန်းတိုင်အထိ ရည်မှန်းထားပေသည်။ ပညာသင်ကြားသူတိုင်း အနာဂတ်အလင်းတန်းကို မြင်နိုင်ခွင့်ရှိသည်။ ပညာသင်ကြားရာတွင် သင်ကြားရသည့်ဘာသာရပ်တိုင်း အထူးချွန်ဆုံး၊ အထက်မြက်ဆုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ အားနည်းချက်၊ အားသာချက်များကို မိမိကိုယ်တိုင်သိရှိပြီး ပြုပြင်ပြောင်းလဲနိုင်မှုအလိုက် ကောင်းမွန်သောအခြေအနေသို့ရောက်ရှိအောင် မနှေးအမြန်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပညာရေးနှင့် အလုပ်အကိုင်တွဲစပ်ဖော်ဆောင်သည့် ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူအားလုံးလိုက်ပါရမည်ဖြစ်သည်။ မိမိနှစ်သက်ရာ ဘာသာရပ်အလိုက်၊ ဝါသနာအလိုက် ရွေးချယ်ပြီး နိုင်ငံ၏စိုက်ပျိုးမွေးမြူရေး အခန်းကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ပီပီပြင်ပြင် ဖွင့်လှစ်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပညာခေတ်တွင် ပညာရှာဖွေရမည်ဖြစ်သည်။ ပညာရေးအလှမ်းမဝေးရအောင် အနာဂတ်ရင်သွေးများကို ပညာအမွေပေးရမည်ဖြစ်သည်။ ပညာရည်အဆင့်အတန်းမြင့်မားသော နိုင်ငံအများစုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ကြသည်။ ပညာရေးအဆင့်မြင့်မားမှုမှတစ်ဆင့် တီထွင်ဆန်းသစ်မှုကိုဖြစ်စေသည်။ တိုးတက်မှုအရင်းခံ အခြေခံပညာရေးသည် အဓိကဖြစ်ပေသည်။ အနာဂတ်ကာလတွင် သာမန်ဘွဲ့တစ်ခုတည်းဖြင့် ရပ်တည်နိုင်ရေး ခက်ခဲလာနိုင်သည်။ ပညာခေတ်တွင် အကျုံးဝင်ပါဝင်မည့် ဘွဲ့လွန်ပညာ၊ ပါရဂူပညာတွေ ပါရရှိလာပြီး အခြားသူများထက် အဘက်ဘက်က သာလွန်ရေး ကြိုးစားလုံ့လ ပြုရမည်ဖြစ်သည်။ ငယ်စဉ်အခါ ပညာရှာချိန်တွင် ဆရာ၊ ဆရာမများ သင်ကြားလမ်းညွှန်မှုကိုခံယူလျက် ရည်မှန်းချက်ကိုယ်စီ၊ ဘဝအိပ်မက်ကိုယ်စီဖြင့် ရှေ့သို့ချီတက်ရမည်ဖြစ်သည်။ ပညာသင်ကြားတတ်မြောက်ပြီးချိန်၌လည်း ဆင့်ကဲပညာများတိုးပွားရရှိအောင် စဉ်ဆက်မပြတ် ကြိုးစားကြရမည်ဖြစ်သည်။ ပညာသင်ကြားတပည့်ဘဝမှ ကိုယ်တိုင်ဆရာ၊ ဆရာမအဖြစ် လက်ဆင့်ကမ်းပညာ သင်ကြားမျှဝေပေးနိုင်သည့် နိုင်ငံအားထား လူချွန်လူကောင်းများအဖြစ် ပါဝင်ခွင့်ရှိပေသည်။

မျက်မှောက်ကာလသည် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များလာစေရေး ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိနေချိန်ဖြစ်သည်။ နိုင်ငံတော်၏ အထူးပညာရေးမျှော်မှန်းဆောင်ရွက်မှုအဖြစ် ကျောင်းအပ်နှံရာတွင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ အခမဲ့ရယူလျက် ကျောင်းသား၊ ကျောင်းသူကလေးများ ကျောင်းနေပျော်အောင် စွမ်းဆောင်မှုဖြစ်သည်။ ကျောင်းနေအရွယ်ကျောင်းသား၊ ကျောင်းသူကလေးများ ပညာရေးတွင် ဆုံးခန်းတိုင်ပြီးမြောက်အောင်သင်ယူလျက် ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကို ဦးတည် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အခြေခံပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူပြီးမြောက်ပြီးနောက် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများလည်း တစ်ပါတည်း လမ်းပွင့်သွားစေမည်ဖြစ်သည်။

အသိနှင့်ပညာသည် ယှဉ်တွဲတည်ရှိနေသည့် သဘောတရားဖြစ်သည်။ ပညာတတ်ဖြစ်အောင် ကျင့်ဆောင်ပြီးဘဝကို တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာဖြင့် လူ့အရည်အချင်း ပြောင်လက်အောင်စွမ်းဆောင်ရမည်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်နှင့် ပညာရည်မြင့်မားရေးအခန်းကဏ္ဍသည် မမှိန်ထင်ရှားလင်းလက်တောက်ပနေရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အရေးပါပြောင်မြောက်သည့် ပညာအရင်းအမြစ်ဖြင့် မှန်ကန်သောတွေးခေါ်ပုံ၊ အခက်အခဲမျိုးစုံ ကျော်လွှားနိုင်ပုံကို လက်တွေ့ကျကျ သိရှိရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် " နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ကြွေးကြော်မှုသည် ပညာရည်အဆင့်အတန်း မြင့်မားမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မည့် ယုံကြည်ချက်ကို ကိုယ်စားပြုပေသည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းကို မွေးထုတ်ပေးနိုင်မှုကိုလည်း အထောက်အကူပြုစေသည်။ အလားတူ ပညာရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး အစရှိသော ကဏ္ဍများကို အမှန်နှင့်အမှား လမ်းပြပေးနိုင်သည်။ မိဘများနှင့် ဝန်းကျင်တစ်ခုလုံးကို ပညာပြည့်ဝ နှလုံးလှအောင်စွမ်းဆောင်နိုင်စွမ်းရှိသည့် ပညာသင်ကြား၊ သင်ယူမှုဖြစ်စဉ်များကို ရပ်တန့်မပစ်ဘဲ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၃၂၈ ဧက စိုက်ပျိုးမည်

ကန့်ဘလူ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၃၂၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၇၀၈၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၂၃၉ ဧက စုစုပေါင်း ၇၃၂၈ ဧကဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ကုလားပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်း ကျော်ကုန်ကျကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများစသည့် နည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီး အရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

(၂၀၆)

# အချိန်ပို -Extra Time ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၀**

အချိန်ပို – Extra Time ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်ရှိစံ လက်ဖက်ရည်ဆိုင်တွင် ပြုလုပ်သည့် အချိန်ပို – Extra Time ရုပ်ရှင်ဇာတ်ကား Media Conference မှ သိရသည်။

အဆိုပါအချိန်ပို – Extra Time ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို ပြည့်ဖြိုးဟန်နှင့်မာန်ဟိန်းတို့က ခံစားရေးဖွဲ့ထားကာ၊ မိုးစက်ဝိုင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာပြည့်ဖြိုးဟန် (PD) က MH Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဘောလုံးနဲ့ ပတ်သက်ပြီးတော့ ဒီး ရုပ်ရှင်ဇာတ်ကားနောက်ပိုင်း ဖူဆယ် ဘောလုံးကို အခြေခံရိုက်တဲ့ ဇာတ်ကားပါ။ ပရိသတ် အကြိုက်တွေ့စေမဲ့ ဘောလုံးတွေ အမြဲကန်နေတဲ့ မင်းသားတွေဖြစ်တဲ့ သူထူးစံ၊ နေထက်လင်းနဲ့ မင်းဘုန်းမြတ် စတဲ့သူတွေပါပါတယ်။ ရုံတင်တော့မှာမို့ ပိုပြီးရင်ခုန်စိတ်လှုပ်ရှားမိပါတယ်" ဟု အချိန်ပို– Extra Time ရုပ်ရှင်ဇာတ်ကား၏ ထုတ်လုပ်သူနှင့် အဓိက သရုပ်ဆောင်ဖြစ်သူ မာန်ဟိန်း(MH Production) က ပြောပြသည်။

အချိန်ပို – Extra Time ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေထက်လင်း၊ သူထူးစံ၊ မာန်ဟိန်း၊ မင်းဘုန်းမြတ်၊ နေခြည်ရွှန်းလက်၊ ချောရတနာ၊ မှူးသခင်ကို စသည့်အနုပညာရှင်များနှင့် ဖူဆယ် ဘောလုံးအားကစားသမားများ ပါဝင်ထားကြောင်း သိရသည်။ ASH

# Nothing to See Here ဇာတ်ကားကို ဒါရိုက်တာ ဂျရမီယာဇာဂါ ရိုက်ကူးမည်ဖြစ်

**နယူးယောက် ဩဂုတ် ၂၀**

3000 Pictures ရုပ်ရှင် ကုမ္ပဏီ၏ Nothing to See Here ဇာတ်ကားကို ဒါရိုက်တာဂျရမီယာဇာဂါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ကီဗင်ဝီလ်ဆင်၏ နာမည်ကျော် ဝတ္ထုဖြစ်သော Nothing to See Here ကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Nothing to See Here ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဂျရမီယာဇာဂါက ဇာတ်ညွှန်းရေးဆရာ ဒက်စတာ ဆီဒရော့စ်ရက်နှင့် ပူးတွဲရေးသားမည်ဖြစ်သည်။

Nothing to See Here ဇာတ်ကားသည် ဘဝနောက်ခံခြင်း မတူသော ကျောင်းနေဖက် မိတ်ဆွေနှစ်ဦး၏ ဆက်ဆံရေးကို အခြေခံရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

Nothing to See Here ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို 3000 Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် ဇော်ဝင်းထွဋ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်




**ရန်ကုန် ဩဂုတ် ၂၀**

တေးသံရှင် ဇော်ဝင်းထွဋ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဇော်ဝင်းထွဋ်ထံမှ သိရသည်။

အဆိုပါတေးသံရှင် ဇော်ဝင်းထွဋ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် လာမည့် စက်တင်ဘာ ၆ ရက် ညတွင် EMPEROR Music Band တေးဂီတအဖွဲ့၏ အကောင်းဆုံးပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

" EMPEROR နဲ့အတူ အားအပြည့် အင်အပြည့်နဲ့ သီချင်းတွေ အများကြီးဆိုဖို့ ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ အကောင်းဆုံး သီချင်းတွေကို EMPEROR ရဲ့ အကောင်းဆုံးပံ့ပိုးမှုနဲ့ အကောင်းဆုံး ဖျော်ဖြေတင်ဆက်သွားမှာပါ"ဟု တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၆ ရက် ည ၆ နာရီမှ စတင်ကာဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Honeymoon With Harry ဇာတ်ကား၌ မင်းသား ကီဗင်ကော့စနာနှင့် ဂျိတ်စ်ဂျီလန်ဟားတို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၂၀**

Amazon MGM စတူဒီယို၏ Honeymoon With Harry ဟာသ ဒရာမာ ဇာတ်ကား၌ မင်းသား ကီဗင်ကော့စနာနှင့် ဂျိတ်စ်ဂျီလန်ဟားတို့ ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

Honeymoon With Harry ဇာတ်ကားသည် စာရေးဆရာ ဘာ့ဘေကားရန် အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် လက်မထပ်မီ နှစ်ရက်အလိုတွင် သတိုးသမီးလောင်း ကွယ်လွန်ခဲ့ပြီးနောက် ယောက္ခမလောင်းနှင့်ပင် ဟန်းနီးမွန်း ခရီးထွက်ရန် ဆုံးဖြတ်ခဲ့သော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Honeymoon With Harry ဇာတ်ကားကို ဒါရိုက်တာ ဂလန်းဖီကာရာဂျွန်ရီကေးတို့က တာဝန်ယူ ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်ဖိုဂျယ်မန်းက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

Ref : Russia Today

Trs : KKO





# ကံသာရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၀**

ကံသာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဗောဓိရိပ်ငြိမ်တောရကျောင်းတိုက်တွင် ဩဂုတ် ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်းအဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ မီးပွားထံမှ သိရသည်။

အဆိုပါ လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ချစ်မင်းဝေက ခံစားရေးဖွဲ့ထားပြီး ဒီဒီထက်အောင်နှင့် အောင်ကြီးတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မီးပွားက ကံသာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော် ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

" လူတွေက တစ်ယောက်နဲ့ တစ်ယောက် လျှောက်ချင်တဲ့ လမ်းတွေက မတူကြတဲ့အပေါ်မှာ သူ့ပုံသဏ္ဌာန်နဲ့သူ ထွက်လာကြမှာပါ။ ဒီမတူညီတဲ့ စရိုက်တွေပေါ်မှာ သူတို့တွေ ဘယ်လို တစ်သားတည်း ဖြစ်သွားမလဲ ဆိုတာတွေ့ရမှာပါ။ မူးယစ်ဆေးပေါ်မှာ သံသရာလည်မှုတွေကိုထည့်ပြီး ပုံဖော်သွားမှာပါ။ မူးယစ်ဆေးကို ဘဝထင်နေတဲ့သူတွေအတွက်ရော လူငယ်တွေ အတွက်ပါ ပညာပေးလေးတွေပါပါတယ်"ဟု ဒါရိုက်တာ မီးပွားက ပြောပြသည်။

အဆိုပါ လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ နေမင်း၊ ဖြိုးမြတ်အောင်၊ ဘိုချမ်း၊ ကျော်ဝင်းထွဋ်၊ ရဲလွင်ဦး၊ ယောင်းပီဘချစ်၊ ဇေယျာတုံ၊ ဆယ့်သုံး၊ ဘုန်းမြင့်၊ မိုးဟေကို၊ ဖူးစုံ၊ ဟေမာန်အောင်အောင်၊ ယွန်းဝတ်လွှာအောင် နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်မည်ဖြစ်သည်။

ASH

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing meets departmental officials from Aunglan, discusses regional development


Senior General Min Aung Hlaing meets departmental officials at Aunglan District General Administration Department Office in Aunglan.

**Nay Pyi Taw August 20**

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing met departmental officials at Aunglan District General Administration Department Office in Aunglan this morning and discussed regional development. The Senior General was accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from Office of Commander-in-Chief, the Magway Region chief minister, the Central Command commander and officials.

At the meeting, the district administrator reported on salient points of the area, local agricultural activities, rice sufficiency, tree-growing ceremonies to green Aunglan District, endeavoursfor progress of health and education sectors, preparations for the success of the elections, and the need to upgrade the hospital in Aunglan.

Regarding the report, the Senior General pointed out the need to render cooperation for peace, stability and safety of the Aunglan area. He said the hospital in Aunglan will be upgraded in accord with the set standards. The town hall in Aunglang should be properly maintained. He then urged officials to beautify the town through systematic supervision.

Chairman of State Security and Peace Commission Senior General Min Aung Hlaing then delivered an address. He said a plan to turn non-rice fields into rice fields is now underway. Systematic cultivation is the core for increasing crop yield. Magway Region has not realized the crop yield target yet and the failure to hit the target caused nearly Ks 465 billion shortage in annual earnings of Aunglan District. By achieving the desired goal, the production industry will develop and there will be a rise in local supply and demand, which is very supportive of the local economy.

As for further increasing crop yield, the four main requirements of agriculture – sufficient land area and water supply and appropriate technology and strains – must be in hand. Land preparations and organic fertilizers and soil improvement are essential in agriculture, apart from quality strains that are suitable for the relevant area. As for ensuring sufficient water supply, solar-power pumping stations must be systematically erected alongside the Ayeyawady River, one of the existing water resources. Application of proper agricultural methods is also a requisite in crop cultivation. Significant increase in crop yield will fulfil local rice demand and extended cultivation of traditional crops such as edible oil crops and beans and pulses will be highly beneficial for the region.

Regarding electricity needs, the Senior General stated that solar power generation projects can be carried out. He explained that a region's development is driven by the improvement of agricultural and farming production businesses. He noted that farming is weak in AunglanTownship and, since animal feed can be produced from local agricultural products, chickens, pigs, goats, and cows can be raised using this feed. He concluded by saying that such farming would greatly support the food needs of the region.

To obtain the necessary human resources for agricultural and farming businesses, industrial, agricultural, and farming high schools are being opened. The Senior General expressed his desire for relevant officials to continuously carry out knowledge-sharing activities for farmers. He also stated that since cotton is being cultivated in the Aunglan region, it is necessary to develop cotton-related industries from the ground up. He concluded by saying that improving agricultural and farming businesses in the region will greatly contribute to the development of the regional economy.

The Senior General noted that the class transition rate for students in Aunglan District is weak. He stated that only if this rate improves will there be individual progress, which can then contribute to regional development. He added that for the regional economy to improve, it is necessary to work towards having an abundance of educated human resources. In line with the motto " National discipline begins at school," he explained that an individual's morality and discipline differ according to their level of education.

*See Page 13*


Senior General Min Aung Hlaing inspects a layer chicken farm.



Senior General Min Aung Hlaing inspects the upgrading of the highway bus terminal in Aunglan.

# 73,000 bags of Manaw Thukha rice dispatched to Yangon market in July


A warehouse stockpiled with bags of rice.

**Kyaiklat August 20**

Local entrepreneurs from Kyaiklat Township of Ayeyawady Region sold 73,000 bags of Manaw Thukha rice containing 24 pyis each to Yangon market in July, said Daw Ei Ei Moe, the owner of rice and paddy trading commodity in Kyaiklat Township.

From Kyaiklat Township, only up to 70,000 bags of Manaw Thukha rice (24-pyi type) were shipped and sold to the Yangon market during the month of June. However, in July this year, shipments increased to up to 73,000 bags. It is reported that this type of rice falls under the category of rough rice.

"The rice being transported from here to the Yangon market is of good quality. That's why shipments have been continuous. Among the rice varieties shipped from here, Manaw Thukha rice was in high demand from the Yangon side, resulting in a larger volume being sent and sold in the Yangon market over the past month. There are already connections with Yangon buyers for large purchases in August as well. The rice bags are mainly delivered by road," said Daw Ei Ei Moe.

It is also reported that the 24-pyi bags of Manaw Thukha rice shipped from Kyaiklat to the Yangon market were priced as high as K92,500 per bag. Due to the strong sales of this rice, farmers, traders, loading and unloading workers, and transport vehicle rental operators have been gaining employment and livelihood opportunities.

Kyaw Kyaw Lin

# Myaung Township completes cultivation of vegetables on more than 1,000 acres of land

**Myaung August 20**

More than 1,000 acres of vegetables have been planted as monsoon crops in Myaung Township of Sagaing Region, according to the township Agriculture Department.

For the 2025-2026 monsoon crop cultivation season, Myaung Township has targeted 4,300 acres for vegetable cultivation. Planting began in May this year, and as of today, 1,197 acres have already been cultivated.

"This year, Myaung Township authorities are planning to grow over 4,000 acres of vegetables during the monsoon season. So far, over 1,000 acres have been planted against the target cultivation. Efforts are underway to achieve the targeted acreage. The crops being grown include mustard, cauliflower, roselle, chili, aromatic herbs, potato, cabbage, eggplant, and ridge gourd. Farmers are being trained to cultivate all vegetables under the GAP (Good Agricultural Practices) system. They are also being guided to use minimal chemical residues in order to grow crops that are safe for consumption," said Daw Thida Lwin, Head of the Department of Agriculture for Sagaing District.

This year, the township's Department of Agriculture is conducting technical training to help vegetable farmers adopt GAP-based cultivation methods. They are also providing guidance to ensure that the vegetables produced meet health and safety standards, and supporting farmers to expand their cultivation.

In Myaung Township, a variety of vegetables are grown annually according to seasonal conditions, and the cultivation of these crops has been successful in generating family income. For farmers engaged in vegetable farming, the township agriculture department is providing technical support on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

206

# More than 5,000 acres of rainfed paddy planted in Budalin Township

**Budalin August 20**

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 5,000 acres of paddy as monsoon crops in Budalin Township of Sagaing Region this year.

For the 2025–2026 monsoon crop season, Budalin Township has planned to cultivate 34,566 acres of rainfed paddy. Cultivation began in June this year, and as of today, 5,968 acres have already been planted.

"This year, Budalin Township authorities earmarked to cultivate over 34,000 acres of rainfed paddy during the monsoon season. So far, more than 5,000 acres have been planted against the target cultivation. Efforts are being made to meet the targeted acreage. We're providing the necessary technology and seed varieties for rainfed paddy cultivation. Field visits are also being carried out to support farmers in planting on time," said U Phyo Wai, Head of the Township Department of Agriculture.

It is reported that to ensure smooth and systematic cultivation without difficulties, the Township Department of Agriculture is working in collaboration with local farmers throughout the monsoon crop season.

Farmers growing rainfed paddy in Budalin Township are being supported with agricultural techniques, pest and disease prevention education, guidance to minimize crop losses, and advice on proper post-harvest storage to ensure that harvested paddy is protected under shelter in a timely manner.

This year, the Department of Agriculture and its staff in Budalin Township are actively engaged in fieldwork to ensure the success and high yield of rainfed paddy fields. Their efforts include encouraging the use of high-quality and pure seeds, preventing pest infestations, timely weeding and thinning, removal of off-type plants, and the proper application of fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

He therefore called for cooperation to improve school attendance and class transition rates, stating that a good education will greatly contribute to regional peace, stability, and development.

It is necessary to conserve forests and trees in Aunglan and only when there are forests and trees, can disasters be mitigated to some extent. Since assuming State responsibilities, I instructed every village to grow 2-acre of firewood plantation and similarly if each household in wards and townships plants a tree annually, the number of trees will increase. Planting trees in road areas will create a lush and green environment.

Administrative systems have changed in Myanmar in successive eras and during the colonial era, town commissioners, district commissioners and commissioners implemented regional administrations. Under the post-independence parliamentary democracy era, the same administrative system was adopted. In the era of the Burma Socialist Program Party, chairmen of people's councils were responsible to manage township affairs above township administrators. During the era of the SLORC, chairmen appointed by the Tatmadaw were responsible for township affairs. Since the era of the SPDC, township and district administrators have been responsible for regional administration. During the term of the current government, district and township administrators have been tasked with regional development, the rule of law and administration in accordance with the democratic system.

Local residents are responsible for regional development and regional administrators are also responsible for development tasks. Therefore, it is necessary to carry out development tasks of districts and townships as much as possible. Responsible officials in regions are required to implement development tasks in accordance with policies adopted by the State properly. By coordinating among relevant departments, districts and townships will develop.

Then, the Senior General and party arrived at Shwe Tint One Livestock Breeding Zone and inspected layer chicken farms. Responsible officials conducted the Senior General and party around the farm.

After hearing the reports, the Senior General gave instructions on implementing livestock breeding tasks systematically, planting shady and windbreak trees in the livestock breeding zone and cleanliness of the zone.

Then, the Senior General and party inspected the upgrading of the highway bus terminal in Aunglan and gave instructions on systematic operations of the terminal, planting shady and windbreak trees in the terminal, establishing a small forest near the terminal to contribute to the green environment and other needs.

100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီက ၂၀၂၉ ခုနှစ်တွင် စစ်ဘက်သုံးမောင်းသူမဲ့လေယာဉ် အစင်း ၈၃၀၀ ခန့်ပိုင်ဆိုင်ရန် မျှော်မှန်း



ဂျာမနီနိုင်ငံသည် ၂၀၂၉ ခုနှစ်တွင် စစ်ဘက်သုံးမောင်းသူမဲ့လေယာဉ် အစင်း ၈၃၀၀ ခန့်ကို ပိုင်ဆိုင်နိုင်ရန် မျှော်မှန်းထားကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့နိုင်ငံများက မောင်းသူမဲ့လေယာဉ်နည်းပညာနှင့် စစ်လက်နက်များအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်နေချိန်တွင် NATO မဟာမိတ်နိုင်ငံများကဲ့သို့ တိုးတက်မှုနှုန်းမျိုးမဟုတ်ဘဲ အသင့်အတင့်သာ တိုးချဲ့သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေး အေဂျင်စီ၏ စာရွက်စာတမ်းတစ်စောင်အရ အဆိုပါ မောင်းသူမဲ့လေယာဉ်များတွင် ထောက်လှမ်းရေးမောင်းသူမဲ့လေယာဉ် အစင်း ၅၇၀၀၊ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ် အစင်း ၅၆၀၊ ကာမီကာဇီတိုက်ခိုက်ရေးဒရုန်း အစင်း ၂၀၇၀ ပါဝင်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါစာရင်းတွင် မောင်းသူမဲ့လေယာဉ်များကို ပစ်လွှတ်ရန်နှင့် ထိန်းချုပ်ရန်အတွက် လိုအပ်သည့် ဆက်စပ်စနစ်များပါဝင်ပြီး အကွာအဝေး မိုင် ၆၀၀ ထိ တိုက်ခိုက်နိုင်သည့် မောင်းသူမဲ့လေယာဉ်များကိုလည်း ထည့်သွင်းစဉ်းစားနေကြောင်း သိရသည်။

ဂျာမနီ၏ စစ်လက်နက်ဝယ်ယူရေး မူဝါဒသည် အခြားနိုင်ငံများနည်းတူ အလျင်အမြန်ဝယ်ယူစုဆောင်းခြင်းထက် ဆင်ခြင်တုံတရားဖြင့် ချဉ်းကပ်လုပ်ဆောင်နေသည်။ စစ်ဘက်သုံး မောင်းသူမဲ့လေယာဉ်အမြောက်အမြား ဝယ်ယူမှုအပေါ် ဂျာမနီသည် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ဆန်းစစ်ထားဟန်ရှိသည်။ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့ကြား ပဋိပက္ခသည် သုံးနှစ်ကျော်ကြာမြင့်လာခဲ့ပြီး ပဋိပက္ခအတွင်း ကျဆုံးခဲ့သူများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် မောင်းသူမဲ့လေယာဉ်များကြောင့်ဖြစ်သည်။ ထို့ကြောင့် အရေးပေါ်အခြေအနေများတွင် လိုအပ်သလို အလျင်အမြန် ထုတ်လုပ်နိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိသည့် မူဝါဒကို ပိုမိုနှစ်သက်ကြပြီး အမြောက်အမြား ဝယ်ယူစုဆောင်းမှုကို ရှောင်ကြဉ်နေကြခြင်းဖြစ်သည်။ သို့သော်လည်း ပြည်တွင်းမှ နည်းဗျူဟာမြောက် မောင်းသူမဲ့လေယာဉ် ထုတ်လုပ်သူများက ဤချဉ်းကပ်မှုကြောင့် ဂျာမနီ၏ ကိုယ်ပိုင်စနစ်များ တည်ဆောက်နိုင်စွမ်းအပေါ် ထိခိုက်နိုင်သည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

"မောင်းသူမဲ့လေယာဉ်တွေရဲ့တကယ့်ဆန်းသစ်တီထွင်မှုက ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုစနစ်တွေဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ တကယ့်စွမ်းအားကတော့ အမြောက်အမြားထုတ်လုပ်နိုင်မှုကနေ လာတာပါ။ အဲဒီအချက်နှစ်ခုစလုံးကို အပြည့်အဝအသုံးချနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ စက်ပစ္စည်းတွေကို အမြောက်အမြားထုတ်လုပ်၊ စုဆောင်းထားရပါမယ်။ ဒ့ါပြင် ဆော့ဖ်ဝဲတွေကိုလဲ အဆက်မပြတ်အဆင့်မြှင့်တင်ပေးနေဖို့ လိုအပ်ပါတယ်"ဟု မြူးနစ်မြို့အခြေစိုက် Helsing ကုမ္ပဏီ၏ ပူးတွဲအမှုဆောင်အရာရှိချုပ် Gundbert Scherf က ပြောကြားခဲ့သည်။

ဂျာမနီသည် ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးနှင့်ဥရောပအပေါ် အမေရိကန်၏ ကတိကဝတ်များမရေမရာဖြစ်လာမှုတို့ကြောင့် ကာကွယ်ရေးဘတ်ဂျက်ကို လေးနှစ်အတွင်း ယူရို ၁၆၁ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၄ ဘီလီယံ)သို့ နှစ်ဆနီးပါးတိုးမြှင့်မည့် မဟာဗျူဟာကို ထုတ်ပြန်ကြေညာခဲ့သည်။ ယခု မောင်းသူမဲ့လေယာဉ်ဝယ်ယူရေးအစီအစဉ်သစ်သည် ထိုမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

**Germany Sets 8,000 Military Drone Goal by 2029 in Modest Build–Up ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက Jamming စနစ်များကျော်လွှားနိုင်သော ကီလိုမီတာ ၁၀၀ ပျံသန်းစစ်ဆင်နိုင်သည့် FPV ဒရုန်းသစ်ကိုတီထွင်လျက်ရှိ

ယူကရိန်းကုမ္ပဏီ တစ်ခုဖြစ်သည့် Fold သည် လက်ရှိသုံးစွဲနေသည့် မော်ဒယ်များထက် Jamming စနစ်များကျော်လွှားနိုင်သော ကီလိုမီတာ ၁၀၀ ပျံသန်းစစ်ဆင်နိုင်သည့် ဖိုက်ဘာအော့ပတစ်ကေဘယ်စနစ်သုံး FPV ဒရုန်းသစ်ကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Fold ကုမ္ပဏီ၏ ဖိုက်ဘာအော့ပတစ်ကေဘယ်စနစ်သုံး FPV ဒရုန်းဒီဇိုင်းသစ်သည် သေးငယ်ပြီးတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ရာဂဏန်းသာ ကျသင့်သော်လည်း သံချပ်ကာယာဉ်များကို ဖျက်ဆီးရန် လုံလောက်သော ပေါက်ကွဲပစ္စည်းများ သယ်ဆောင်နိုင်သည့် FPV quadcopter အမျိုးအစားအပေါ် အခြေခံတည်ဆောက်ထားကြောင်း သိရသည်။

ဤတိုက်ခိုက်ရေး ဒရုန်းသစ်သည် အီလက်ထရွန်နစ်တိုက်ခိုက်မှု Jamming ပြုလုပ်မှုကိုခံနိုင်ရည်ရှိသည့် ရေဒီယို အချက်ပြစနစ်ကို အားမပြုဘဲ မြေပြင်မှ ထိန်းချုပ်သူနှင့် ချိတ်ဆက်ထားရန် အတွက် ရှည်လျားသောကေဘယ်ကြိုးကို အသုံးပြုထားသည်။ ထို့ကြောင့် ရန်သူ၏ အီလက်ထရွန်နစ် တိုက်ခိုက်မှုများကြား တွင်ပင် ထိရောက်စွာအလုပ်လုပ်နိုင်ကြောင်း သိရသည်။

ဖိုက်ဘာအော့ပတစ်ကေဘယ်ထိန်းကျောင်းရေးစနစ်သုံး ဒရုန်းများသည် ယူကရိန်းတွင် အသစ်အဆန်းမဟုတ်သော်လည်း လက်ရှိတီထွင်ဆန်းသစ်မှုသည် အရေးပါသောမှတ်တိုင်တစ်ခုကို ဖော်ဆောင် ပေးလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ဝတ္ထုပိုင်းဆိုင်ရာအရ ကေဘယ်ကြိုးဖြင့် ချည်နှောင်ထားသော်လည်း အကွာအဝေးပိုမိုဝေးကွာစွာပျံသန်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

Fold ကုမ္ပဏီသည် စစ်ဘက်သုံး မောင်းသူမဲ့လေယာဉ်၊ ဒရုန်းနည်းပညာကို ဆက်တိုက်တိုးချဲ့ပြီး စွမ်းဆောင်ရည်ပိုင်းကို အဆင့်မြှင့်တင်လျက်ရှိသည်။ အစောပိုင်းတွင် ငါးကီလိုမီတာခန့်သာ ပျံသန်းနိုင်သောဒရုန်းများဖြင့် စတင်ခဲ့ပြီး နောက်ပိုင်းတွင် ၁၅ ကီလိုမီတာမှ ၂၅ ကီလိုမီတာထိ အဆင့်မြှင့်တင်နိုင်ခဲ့ကြသည်။ အလယ်အလတ်အကွာအဝေးတိုက်ခိုက်ရေးတာဝန်များအတွက် ကီလိုမီတာ ၄၀ မှ ကီလိုမီတာ ၅၀ ပျံသန်းနိုင်သည့် မော်ဒယ်များကိုပါ စမ်းသပ်တီထွင်ခဲ့သည်။ ယခုအခါတွင် Fold ကုမ္ပဏီသည် နယ်ပယ်သစ်တစ်ခုကို တွန်းလှန်နေပြီး ကီလိုမီတာ ၁၀၀ ထိရောက်ရှိနိုင်မည့် ဒုတိယမျိုးဆက်ဒရုန်းကို တီထွင်နေပြီဖြစ်သည်။ ဤတိုးတက်ဖွံ့ဖြိုးမှုသည် ရေဒီယိုအချက်ပြစနစ်သုံးဒရုန်းများ၏ ပျံသန်းနိုင်သည့်အကွာအဝေးကိုနှစ်ဆထိတိုးမြှင့်နိုင်သည့် အရေးပါသော မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သို့သော်လည်း ပျံသန်းနိုင်သည့် အကွာအဝေး ပိုမိုဝေးကွာလာခြင်းသည် အားနည်းချက်များလည်း ရှိလာသည်။ ဖိုက်ဘာအော့ပတစ် ကေဘယ်လ်သည် အတားအဆီးများတွင် ငြိတွယ်နိုင်ပြီး ၎င်း၏အလေးချိန်ကြောင့် သယ်ဆောင်နိုင်သည့် ဝန်ပမာဏ လျော့ကျစေသည်။ ထို့ပြင် ပိုမိုကြီးမားသောကိုယ်ထည်လိုအပ်သဖြင့် ကုန်ကျစရိတ်ပိုမိုကြီးမြင့်လာပြီး လှုပ်ရှားသွက်လက်မှုကိုပါ ကန့်သတ်ချက်ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေ ယူကရိန်းနိုင်ငံသည် ပြည်တွင်းထုတ်လုပ်သူ အများအပြား၏ ဖိုက်ဘာအော့ပတစ်ကေဘယ်သုံး FPV ဒီဇိုင်းများကိုစမ်းသပ်ရန် ဆက်လက်တွန်းအားပေးကြိုးပမ်းနေသည်။ အဆိုပါစမ်းသပ်မှုများတွင် ဒရုန်းထိန်းချုပ်ရေးအော်ပရေတာများက အလေးချိန် သုံးကီလိုဂရမ်ထိရှိသော ထိပ်ဖူးများသယ်ဆောင်နိုင်သည့်မော်ဒယ်များကို အကဲဖြတ်စမ်းသပ်လျက်ရှိသည်။

"ဒီနေ့ခေတ်မှာ စစ်ပွဲတွေ ပြောင်းလဲသွားပါပြီ။ ရန်သူ့ရဲ့ အကြီးစားပစ်မှတ်တွေကိုဖျက်ဆီးဖို့အတွက် ၁၀ ကီလိုမီတာကနေ ၁၅ ကီလိုမီတာ အကွာအဝေးလောက်ပျံသန်းနိုင်တာဟာ မလုံလောက်တော့ပါဘူး"ဟု Business Insider သတင်းဌာနသို့ Fold ကုမ္ပဏီကို ပူးတွဲတည်ထောင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။



**Ukraine’s New 100–Km FPV Drone Ditches Radio to Outsmart Jamming ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

မင်းမျိုး

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက၂၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၄၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမကပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးကြင်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့မှု ကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချတဲ့ငါးကြင်းတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်။ လက်ရှိငါးကြင်းတွေ အဝယ်လိုက်နေပါတယ်။ ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်းတင်ပို့မှုကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ဇူလိုင်လပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ'' ဟု မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

မအူပင်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးကြင်းတစ်ပိဿာလျှင်ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖရဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖရဲကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၄၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ်သိန်း ၈၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၁၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို ငွေကျပ် ၄၃၈သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**




# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး



**မြိတ် ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီးမြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်၊ မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်တင်ဒါရကုမ္ပဏီများမှတာဝန်ရှိသူတစ်ဦးတို့က လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်ကျွဲကူးကျေးရွာ၌ အရှည် ၂၉၄၄ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့်ခုနစ်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အပိုင်း(၁ )ကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၈၀ ဒသမ ၄၅ သန်းဖြင့် ထူးထူးထက်ကုမ္ပဏီမှတာဝန်ယူ၍ ဇွန် ၁၆ ရက်ကလည်းကောင်း၊ အရှည်ပေ၂၆၄၀၊ အကျယ် ၁၈ ပေ၊ အမြင့်ခုနစ်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း အပိုင်း(၂ )ကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၄၂ ဒသမ ၉၅၇ သန်းဖြင့် Min Thet Lay ကုမ္ပဏီမှ တာဝန်ယူ၍ ဇွန်၂၇ ရက်ကလည်းကောင်း စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းကပြောပြ၍ သိရသည်။

**ချိုလေး**







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အောင်လံခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

လုံခြုံတည်ငြိမ်အေးချမ်းရေး အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အောင်လံမြို့ရှိ မြို့နယ်ခန်းမကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

**ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရ၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

အစာများကိုအသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်ကြောင်း၊ ထိုသို့မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ်ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ **ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။**

ထို့ကြောင့် အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေသြဇာများကို အသုံးပြုရန်လိုကြောင်း၊အလားတူစိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အသုံးပြု၍ ရှိပြီးသား ရေအရင်းအမြစ်ဖြစ်သော ဧရာဝတီမြစ်ရေများကို စနစ်တကျအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်းလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း ဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းလုပ်ဆောင်မှုများ အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သဖြင့် အဆိုပါတိရစ္ဆာန်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှုစ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

အောင်လံခရိုင်အတွင်း ကျောင်းသား၊ ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုများ အားနည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမှသာ

လူတစ်ဦးချင်း၏ တိုးတက်မှုများရှိလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ဒေသအတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **"အမျိုးသားစည်းကမ်းအစစာသင်ကျောင်းက"** ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြကြောင်း၊ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အောင်လံဒေသအတွင်း သစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်ပင်သစ်တောများရှိမှသာ သဘာဝဘေးဒဏ်များကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်းနှစ်ဧကနှုန်းဖြင့် စိုက်ပျိုးရန်မှာကြားထားကြောင်း၊ အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းနှစ်စဉ် စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးစနစ်များ ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြောင်း၊ ကိုလိုနီခေတ်၌ ခရိုင်အုပ်ချုပ်ရေးကိုအခြေခံသည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် စသည့်ပုဂ္ဂိုလ်များက ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရသော အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီစနစ်၌လည်း ၎င်းစနစ်ကို ပင်အခြေခံ၍ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၌ အုပ်ချုပ်ရေးမှူးများ၏အပေါ်တွင် ကောင်စီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နဝတခေတ်တွင် တပ်မတော်က ခန့်အပ်သည့်ဥက္ကဋ္ဌများက ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး နယကခေတ်မှစ၍ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ဦးဆောင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင်လည်း ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးတို့ကို ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်စေခဲ့ကြောင်း။

**ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊မြို့နယ်များအလိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ နိုင်ငံတော်ကချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်း တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်းအလိုက် ညှိနှိုင်း၍ လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ ရွှေတင့်ဝမ်း မွေးမြူရေးဇုန်သို့ရောက်ရှိကြပြီး မွေးမြူရေးဇုန်အတွင်း ဥစားကြက်များမွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ မွေးမြူရေးဇုန်အတွင်း အရိပ်ရလေကာပင်များစိုက်ပျိုးသွားရန်နှင့် သန့်ရှင်းမှုများရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်တည်ဆောက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်၊ အရိပ်ရလေကာပင်များအား စနစ်တကျစိုက်ပျိုးသွားရန်၊ ယာဉ်ရပ်နားစခန်းအနီးပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေမည့် သစ်တောငယ်အား စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ၊ မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ် . . .**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးဇုန်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၅ ခုနှစ် ဩဂုတ်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့ တို့တွင် နှစ်ပေမှ လေးပေခန့်၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။ **(မိုး/ဇလ)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၆/ ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ် ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း(၁)တွင်ပါဝင်သည့်မြို့နယ်များစာရင်း

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း** **ပူးတွဲ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ တနိုင်း<br>၂။ ခေါင်လန်ဖူး<br>၃။ နောင်မွန်း<br>၄။ ပူတာအို<br>၅။ မိုးညှင်း<br>၆။ မြစ်ကြီးနား | ၆ မြို့နယ် |
| ၂ | ကယား | ၁။ ဘောလခဲ<br>၂။ လွိုင်ကော် | ၂ မြို့နယ် |
| ၃ | ကရင် | ၁။ ဘားအံ<br>၂။ မြဝတီ<br>၃။ သံတောင်ကြီး | ၃ မြို့နယ် |
| ၄ | ချင်း | ၁။ တီးတိန်<br>၂။ ဟားခါး | ၂ မြို့နယ် |
| ၅ | စစ်ကိုင်း | ၁။ လေရှီး<br>၂။ လဟယ်<br>၃။ နန်းယွန်း<br>၄။ ကလေး<br>၅။ ကသာ<br>၆။ ကန့်ဘလူ<br>၇။ ခန္တီး<br>၈။ စစ်ကိုင်း<br>၉။ တမူး<br>၁၀။ မုံရွာ<br>၁၁။ ရွှေဘို<br>၁၂။ ဟုမ္မလင်း | ၁၂ မြို့နယ် |
| ၆ | တနင်္သာရီ | ၁။ ကော့သောင်း<br>၂။ ထားဝယ်<br>၃။ ဘုတ်ပြင်း<br>၄။ မြိတ် | ၄ မြို့နယ် |
| ၇ | ပဲခူး | ၁။ ညောင်လေးပင်<br>၂။ တောင်ငူ<br>၃။ နတ်တလင်း<br>၄။ ပဲခူး<br>၅။ ပြည်<br>၆။ ရွှေတောင်<br>၇။ လက်ပံတန်း<br>၈။ သာယာဝတီ | ၈ မြို့နယ် |
| ၈ | မကွေး | ၁။ ချောက်<br>၂။ ရေနံချောင်း<br>၃။ ပခုက္ကူ<br>၄။ တောင်တွင်းကြီး<br>၅။ မကွေး<br>၆။ ပွင့်ဖြူ<br>၇။ မင်းဘူး<br>၈။ သရက်<br>၉။ အောင်လံ | ၉ မြို့နယ် |
| ၉ | မန္တလေး | ၁။ ကျောက်ဆည်<br>၂။ ညောင်ဦး<br>၃။ ပြင်ဦးလွင်<br>၄။ ချမ်းအေးသာစံ<br>၅။ မိတ္ထီလာ<br>၆။ ပျော်ဘွယ်<br>၇။ ရမည်းသင်း<br>၈။ အောင်မြေသာစံ | ၈ မြို့နယ် |
| ၁၀ | မွန် | ၁။ ကျိုက်ထို<br>၂။ ကျိုက်မရော<br>၃။ ချောင်းဆုံ<br>၄။ မော်လမြိုင်<br>၅။ သထုံ | ၅ မြို့နယ် |
| ၁၁ | ရခိုင် | ၁။ ကျောက်ဖြူ<br>၂။ စစ်တွေ<br>၃။ မာန်အောင် | ၃ မြို့နယ် |
| ၁၂ | ရန်ကုန် | ၁။ ကမာရွတ်<br>၂။ ကျောက်တံတား<br>၃။ တိုက်ကြီး<br>၄။ တွံတေး<br>၅။ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>၆။ ဗိုလ်တထောင်<br>၇။ မရမ်းကုန်း<br>၈။ မင်္ဂလာဒုံ<br>၉။ မှော်ဘီ<br>၁၀။ သင်္ဃန်းကျွန်း<br>၁၁။ သန်လျင်<br>၁၂။ အလုံ | ၁၂ မြို့နယ် |
| ၁၃ | ရှမ်း | ၁။ ပင်းတယ<br>၂။ ဟိုပုံး<br>၃။ နောင်ချို<br>၄။ ကျိုင်းတုံ<br>၅။ တာချီလိတ်<br>၆။ တောင်ကြီး<br>၇။ နမ့်စန်<br>၈။ မူဆယ်<br>၉။ မိုင်းဆတ်<br>၁၀။ လားရှိုး<br>၁၁။ လင်းခေး<br>၁၂။ လွိုင်လင် | ၁၂ မြို့နယ် |
| ၁၄ | ဧရာဝတီ | ၁။ ကျုံပျော်<br>၂။ ပုသိမ်<br>၃။ မအူပင်<br>၄။ မြောင်းမြ<br>၅။ ကြံခင်း<br>၆။ မြန်အောင်<br>၇။ လပွတ္တာ<br>၈။ ဟင်္သာတ | ၈ မြို့နယ် |
| ၁၅ | နေပြည်တော် | ၁။ ဇေယျာသီရိ<br>၂။ ပုဗ္ဗသီရိ<br>၃။ ဇမ္ဗူသီရိ<br>၄။ ပျဉ်းမနား<br>၅။ ဒက္ခိဏသီရိ<br>၆။ လယ်ဝေး<br>၇။ တပ်ကုန်း<br>၈။ ဥတ္တရသီရိ | ၈ မြို့နယ် |

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင် တင်သွင်းနိုင်သည့်နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ရက် |
| (၂) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ရက် |
| (၃) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုးပြန်လည် တင်သွင်းရမည့် နေ့ရက်နှင့်နောက်ဆုံးနေ့ရက် | ၂၀၂၅ခုနှစ်စက်တင်ဘာလ၁၃ရက်မှ စက်တင်ဘာလ ၁၇ ရက်အထိ |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥယျာဉ်တော် ရပ်ကွက် ၆ လမ်းနှင့် ၇ လမ်းကြား ၇၄(B)လမ်းတွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ**ကို၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မျိုးဆက်သစ်ဝံသာနုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၆၁)ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၉ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဗီးအုန်ကုန်းလမ်း ခြံအမှတ်(၁၇/A)တွင်ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၆၂) ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆၀ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ရက် )

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ် သထုံမြို့ ဘင်လိုင်ရပ်ကွက် မရမ်းချောင်ရပ် ခေမာရာမသီလရှင်စာသင်တိုက်ကျောင်းလမ်း အမှတ်(၆၉၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၆၃)ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

☆ **ကျောဖုံးမှအဆက်**

မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌လည်းကောင်း ပါတီရုံးခန်းများဖွင့်လှစ်ရမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီများအားလုံးပါဝင် နိုင်ရေးအတွက် ရည်မှန်းကာ ပါတီဝင်ဦးရေပြည့်မီစေရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက် ပြည့်မီ အောင်ဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများသို့ ကြိုတင်အကြောင်းကြားခဲ့ပြီးဖြစ် ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (စ)နှင့်(ဇ)တို့အရ နိုင်ငံရေးပါတီများ ပါတီဝင် ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေး ဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြ ရမည့်နေ့ရက်ကို ၇-၉-၂၀၂၅(တနင်္ဂနွေနေ့)သတ်မှတ်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့ထိသေဆုံးသူ ၃၇၇၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၉ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား MSME လုပ်ငန်းများကို ဌာနအနေဖြင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲကို ကျော်လွှားနိုင်၍ ကျောင်းထွက်နှုန်းလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် သန်း ၂၀ အောက်လုပ်ငန်းများနှင့် သန်း ၂၀ အထက် တင်ဒါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ဝင်ငွေရရှိမှုနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ရိုးရာအိမ်များ၊ နန်းမြင့်မျှော်စင်၊ ဆလုံပြခန်းနှင့် ဝန်ထမ်းအိမ်ရာများအတွင်း အသုံးပြုနိုင်ရန် Solar Panel ၅၈ လုံး ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က)အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအမျိုးသမီး(ခ)အသင်းတို့ ဒိုင်းဆုရရှိ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က)အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု အမျိုးသမီး(ခ) အသင်းတို့က အနိုင်ရရှိခဲ့ကြပြီး ဒိုင်းဆုများ အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသားဗိုလ်လုပွဲစဉ်တွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု (က)အသင်းနှင့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု(ခ)အသင်း၊ အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု(ခ)အသင်းနှင့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု(က)အသင်းတို့၏ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိခဲ့သည့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က) အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) ကိုယ်စားပြု အမျိုးသမီး(ခ)အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၇၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၄၅၅ ဦး ထပ်မံ၍ ကျောင်းအပ်နှံမှုဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၉၆၇၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၆ ဦးကို သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ သုံးဦးကို ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝ)

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၂၀

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်ရှိ တပ်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဩဂုတ် ၁၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မဝ၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၉၄ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၉၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၉၄ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့် လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန မှုခင်းရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Jian Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)

## ❑ ဖမ်းဆီးရမိမှု

Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၉၀၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၈ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၆၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ နီလာရပ်ကွက်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်း ၂၇ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၀၂ တန်၊ သစ်မာ သုည ဒသမ ၀၉ တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၅၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၉၇၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၈၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၉၃၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၉၅၆၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၄၉၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

















အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်-ဝမ်ပုံကားလမ်း ခုတ်ခိုကျေးရွာအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၈၈၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၄၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၇၄၈၇၁၃၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

လင်းလက်

# အပြစ်ခြောက်ပါးကင်းစေဖို့ အရက်သေစာရှောင်ကြစို့

**ကောင်းတာလေးတွေလုပ်ကြမယ်**

ပြေးလွှားဆော့ကစားတတ်သည့် အရွယ်မှ လူငယ်ဘဝသို့ ရောက်ရှိလာကြသည့် မျိုးဆက်သစ် လူငယ်များသည် ဘဝအသိရှိကာ မိမိဘဝအတွက် အမှန်တကယ်လိုအပ်သည့် ကောင်းမြတ်သော အလုပ်များကို လုပ်ရမည့်အရွယ်သို့ ရောက်ရှိလာကြသူများဖြစ်သည်။ " ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် စကားနှင့်အညီ လူငယ်ဘဝလုပ်သင့် လုပ်ထိုက်သည်များကို ပြုလုပ်ကြရန်လိုသည်။ သို့မှသာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် လှပတင့်တယ်စွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ " လူမှုပတ်ဝန်းကျင်အတွက်၊ နိုင်ငံတော်အတွက် " ဆိုသည့် အလွန်ကြီးမားလှသည့် အတွေးများကို ခဏဖယ်ထား၍ မိမိဘဝတိုးတက်ရေးအတွက် စဉ်းစားမိလိုက်မည်ဆိုလျှင် ကြိုးစားလုပ်ဆောင်ရမည့် အရာများရှိလာသည်။ ကောင်းမှု၊ မကောင်းမှု ဒွန်တွဲယှဉ်တွဲနေသည့် လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရာ၌ မကောင်းမှုဒုစရိုက်အလုပ်များနှင့် မိမိဘဝကို အလှတရားများနှင့် ကင်းဝေးသွားစေမည့်အလုပ်များကို ရှောင်ရှားကြရန်လည်း လိုအပ်မည်ဖြစ်ပေသည်။

သန်စွမ်းတက်ကြွသော ဘဝခွန်အားများနှင့် ပြည့်စုံနေသည့်အရွယ်တွင် မိမိဘဝအတွက် အကျိုးရှိသောအလုပ်များကို လုပ်ကိုင်ကြရင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အလှဆင်ကြရန်လိုသည်။ ဘဝတိုးတက်မှုကို မှန်ကန်စွာပုံဖော်နိုင်ရေးအတွက် အရေးကြီးသည့် အသိပညာ၊ အတတ်ပညာများကို ရှာဖွေလေ့လာဆည်းပူးခြင်း၊ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သောအပြုအမူများကို ပြုမူလုပ်ဆောင်ခြင်း၊ စိတ်ဓာတ်ခွန်အားတို့ကို ပေးအပ်နိုင်စွမ်းရှိသည့် စာပေဗဟုသုတများကို လေ့လာဖတ်ရှုခြင်း၊ အားလပ်ချိန်များကို တန်ဖိုးရှိစွာအသုံးချခြင်း စသည့် လုပ်ရပ်များကို လူငယ်ဘဝတွင် မှန်ကန်အကျိုးရှိစွာ ဆောင်ရွက်တတ်ကြရန်လိုသည်။ လူ့ဘဝတွင်တန်ဖိုးရှိ၍ အကျိုးကိုဖြစ်စေသောအလုပ်များကို လုပ်ရမည်ဖြစ်သကဲ့သို့ ကာယ၊ ဉာဏ၊ စာရိတ္တ တို့ကို ထိခိုက်စေသည့်လုပ်ရပ်များကို ရှောင်ရှားကြရန်လိုသည်။ လူတစ်ဦး စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းသောဘဝကို ပိုင်ဆိုင်နိုင်မှသာ မိမိတို့လိုလားတောင့်တသော အောင်မြင်ပျော်ရွှင်သည့် ဘဝကို ဖန်တီးပုံဖော်နိုင်ကြမည်ဖြစ်သဖြင့် စိတ်ဓာတ်ကျစေပြီး ကျန်းမာရေးကိုပါ ထိခိုက်စေသည့် အရက်သေစာ သောက်စားခြင်းအမှုကိုလည်း တတ်နိုင်သမျှ ရှောင်ရှားရမည်ဖြစ်ပေသည်။

**အပြစ်ခြောက်ပါးကိုဖြစ်စေ**

"သေရည်" ဆိုသည်မှာ "မူးယစ်စေတတ်သော အရည်၊ အရက်" ဖြစ်ပြီး "အရက်" ဆိုသည်မှာ "ကောက်ညှင်းဆန်၊ ထန်းလျက် စသည်ကိုအချဉ်ဖောက်ပြီး ချက်ထားသော မူးယစ်စေတတ်သည့် အရည်"ဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယနေ့ခေတ်တွင် မူးယစ်စေတတ်သည့် အရည်ဆိုသောအရာများကို ဓာတုပစ္စည်းများဖြင့်လည်း ဖန်တီးပုံဖော်ချက်လုပ်နေကြသည်ဟု သိရသည်။ ပုံမှန်စိတ်ဓာတ်၊ ပုံမှန်အတွေးများကို ဝေးကွာသွားစေပြီး စိတ်နှင့်ကိုယ်မကပ်ဘဲ တွေးချင်ရာတွေးကာ လုပ်ချင်ရာလုပ်စေပြီး လူတို့ကို မူးယစ်ထုံထိုင်းမေ့လျော့စေတတ်သောအရာသည် အရက်ပင်ဖြစ်သည်။ အရက်မူးသည့်အခါ အတွေးအခေါ်တို့က ဉာဏ်ပညာနှင့်ယှဉ်ခြင်းမရှိ ဖြစ်ချင်တိုင်းဖြစ်နေသဖြင့် "အရက်မူးလျှင်ကျွဲခိုးပေါ်" ဆိုသကဲ့သို့ပင် မိမိ၏လျှို့ဝှက်ချက်များကိုပင် အရှက်တရားကင်းမဲ့စွာ ထုတ်ဖော်ပြောဆိုတတ်သည်။

" ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား" ဆိုသည့် အပြစ်ခြောက်ပါးကို ဖြစ်စေသော သေရည်သေရက်သည် လူငယ်တိုင်းအတွက် မအပ်စပ်သည့် အရာပင်ဖြစ်သည်။ မိမိ၏ စိတ်အစဉ်ကို ပျော်ရွှင်စေချင်သည်ဆိုသည့် အတွေးသည် လူငယ်တိုင်း၏ စိတ်တွင် ဖြစ်ပေါ်လေ့ရှိသည်။ စိတ်ခံစားချက်မကောင်းခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ပင်ပန်းခြင်း စသည့်လောကဓံရိုက်ချက်များ၏ ကျီစယ်မှုဒဏ်ကို ခံစားရသည့် လူငယ်များသည် ထိုခံစားချက်များကို မခံမရပ်နိုင်ဖြစ်သည့်အခါ စိတ်ထွက်ပေါက်အနေဖြင့် မကောင်းမှုများကို မှားယွင်းစွာ ပြုလုပ်မိတတ်ကြသည်။ စိတ်ခံစားချက်ကို ခဏပြေပျောက်စေသည်ဆိုသည့် အတွေးမှားဖြင့် အရက်သေစာသောက်စားခြင်းဆိုသည့်အလုပ်ကို လုပ်မိသည့်အခါ "အရက်သမား အမှားတစ်ထောင်" ဆိုသည့် စကားအတိုင်း အမှားများစွာကျူးလွန်မိရင်းဖြင့် အလုပ်ပျက်၊ အကိုင်ပျက်၊ စီးပွားပျက်ဆိုသည့် ဖြစ်ရပ်များထိ ဖြစ်တတ်သည်ကို သတိပြုမိရန်လိုသည်။ "သေနှင့် အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့်၊ အဆိပ်ရည်" ဆိုသည့် ဆုံးမစကားနှင့်အညီ ရှာဖွေစုဆောင်းထားသည့် စည်းစိမ်ဥစ္စာများပျက်စီးစေသကဲ့သို့ ရှာဖွေနိုင်စွမ်းများလည်း ကျဆင်းစေမည့် အရက်ကို လူငယ်များ တတ်နိုင်သမျှ ရှောင်ကြရန်လိုသည်။

**ဆိုးကျိုးများစွာ**

ယနေ့ခေတ် လူမှုဆက်ဆံရေးနယ်ပယ်တွင် လူငယ်များ မှားယွင်းစွာ လက်ခံမိတတ်ကြသည့် အလေ့အထတစ်ခု စိတ်မကောင်းဖွယ်ရာ ပျံ့နှံ့လာနေသည်ကိုတွေ့ရသည်။ အရက်သေစာသောက်စားခြင်းသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် ကြားခံကိရိယာတစ်ခုအဖြစ် လူငယ်များ မှားယွင်းစွာလက်ခံတတ်ကြသည်။ အရက်သည် ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားသည့်အခါ သွေးတို့ဆူပွက် ဂယက်ထကာ အရက်ဝင်လာသည့်နှုတ်မှ မှားယွင်းသော၊ ရိုင်းပျသောစကားများ ထွက်ပေါ်လာလေ့ရှိသည်။ အပြုအမူ၊ အပြောအဆိုများက ပုံမှန်မဟုတ်ဘဲ လွဲမှားသွားသည့်အခါ လူမှုဆက်ဆံရေးကိရိယာဟုထင်မိသော အရက်ကြောင့် မိတ်ပျက်၊ ဆွေပျက် ခိုက်ရန်ဖြစ်ပွားရသည်ထိ ဖြစ်တတ်သည်။ အရက်ကြောင့် သူငယ်ချင်း အချင်းချင်း ခိုက်ရန်ဖြစ်ပွား ရာမှ အဆုံးသတ်တွင် လူကိုပါသတ်မိသည့် ရင်နင့်စရာဇာတ်လမ်းများလည်း ဒုနဲ့ ဒေးပင်။

အရက်သေစာ သောက်စားမိ၍ အရက်၏ ကျေးကျွန်ဘဝရောက်ကာ လမ်းဘေးနေ၊ လမ်းဘေးစား ဘဝခါးခါးကို လူငယ်များ ရွံရှာမုန်းတီးမိကြရန် လိုသည်။ အနာဂတ်တွင် တလက်လက်တောက်ပနေရမည့် ကြယ်ပွင့်ကလေးများ အရက်ဆိုသည့် အရာကြောင့် အချိန်မတန်မီ ကြွေကျ မြေခသွားရမည်ဆိုပါက ဝမ်းနည်းစရာပင်ဖြစ်သည်။ အရှက်သိက္ခာနည်းပါး၍ လူလုံးမလှ ယူကျုံးမရဆိုသည့် ဘဝကို ရောက်စေသည်ကလည်း အရက်ပင်ဖြစ်သည်။ အရက်သေစာ သောက်စားတတ်သူ၏ စကားကို ယုံစားလက်ခံကြလေ့မရှိသဖြင့် လူမှုပတ်ဝန်းကျင်



တွင် ဝင်ဆံ့နိုင်ခြင်းမရှိဘဲ မကောင်းသတင်းများကာ အပေါင်းအသင်းနည်းပါးသွားသည့်ဘဝသို့ မရောက်စေရေး အရက်သေစာဆိုသည့်အရာကို ရှောင်ရှားပေးရမည်ဖြစ်သည်။"ခေးကိုဖျက်တာဝါးမျက် လူကိုဖျက်တာအရက်" ဆိုသည့်စကားနှင့်အညီ မိမိတို့၏ ကျန်းမာလန်းဆန်းသောဘဝကို ပုံစံအမျိုးမျိုးဖြင့် ဖျက်ဆီးနေသည့်အရက်ကို တစ်စက်မျှမသောက်မိအောင် ဆင်ခြင်ကြရန်လိုသည်။

**ရောဂါမျိုးစုံ**

အနာမျိုး ၉၆ ပါးကင်းစင်ပြီး ကာယသုခ ပြည့်စုံကြသည့်ဘဝကို လူတိုင်း ပိုင်ဆိုင်လိုကြသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်စကားနှင့် အညီ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ရန် လူတိုင်းက လိုချင်တောင့်တကြိုးစားကြသည်။ ကာယဗလဆိုသည့် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်သန်စွမ်းခြင်းစွမ်းအားကို ပိုင်ဆိုင်ထားနိုင်မှသာ လူငယ်များ ဘဝအရေးများကို အေးဆေးတည်ငြိမ်စွာ ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်းကိုထိခိုက်စေသည့် အရက်သေစာသောက်စားခြင်းကို လူငယ်များ တတ်နိုင်သမျှ ကြိုးစားရှောင်ရှားကြရန်လိုသည်။ အရက်သေစာ သောက်စားခြင်းဖြင့် ခန္ဓာကိုယ်အတွင်း အသည်းနှင့်ဆိုင်သော ရောဂါများ၊ အခြားရောဂါများဖြစ်ပွားနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်များအရ ၂၀၁၉ ခုနှစ်အတွင်း အရက်သေစာနှင့် အဖျော်ယမကာသောက်သုံးမှုကြောင့် သေဆုံးသူ ၂ ဒသမ ၆ မီလီယံခန့် ရှိခဲ့သည်ဟုသိရသည်။ သေဆုံးသူများအနက် နှစ်မီလီယံခန့်က အမျိုးသားများဖြစ်ကြပြီး သုည ဒသမ ၆ မီလီယံခန့်က အမျိုးသမီးများ ဖြစ်သည်ဟု သိရသဖြင့် အရက်သေစာနှင့်အဖျော်ယမကာသောက်သုံးမှုမှာ အမျိုးသားများကြားတွင် ပိုမိုဖြစ်ပွားနေသည်ကို တွေ့ရသည်။ အရက်ကြောင့် သေဆုံးသူများအနက် ၁၃ ရာခိုင်နှုန်းခန့်က အသက် ၂၀ မှ ၃၉ နှစ်ကြား လူငယ်မျိုးဆက်သစ်များ ဖြစ်နေသည်က စိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။ ထို့ပြင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ သန်း ၄၀၀ ခန့် (ကမ္ဘာ့လူဦးရေ၏ ခုနစ်ရာခိုင်နှုန်းခန့်)သည် အရက်သေစာသောက်စားမှုကြောင့် ဖြစ်ပေါ်ရသည့် နောက်ဆက်တွဲဆိုးကျိုးများကိုခံစားနေရသည်ဟု သိရသည်။ ကမ္ဘာ့လူဦးရေ၏ ၃ ဒသမ ၇ ရာခိုင်နှုန်းခန့်ဖြစ်သည့် ၂၀၉ သန်းခန့်သော အသက်အရွယ်ရပြီးသူများသည် အရက်သေစာနှင့် အဖျော်ယမကာ သောက်သုံးကာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစွမ်းဆောင်ရည်များ ကျဆင်းသည့်ဘဝသို့ ရောက်နေကြရသည်ဟု သိရသည်။

**ထာဝရရှောင်ရှားကြပါစို့**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်အရ အနာမျိုး ၉၆ ပါးမက အရက်သေစာနှင့် အဖျော်ယမကာသောက်သုံးမှုကြောင့် ရောဂါအမျိုးပေါင်း ၂၀၀ ခန့်ဖြစ်နိုင်သည်ကို တွေ့ရသည်။ ၂၀၁၉ ခုနှစ်အတွင်း နှလုံးသွေးကြောဆိုင်ရာ ရောဂါကြောင့် သေဆုံးသူ ၄၇၄၀၀၀ ခန့်၊ ကင်ဆာကြောင့် သေဆုံးသူ ၄၀၁၀၀၀ ခန့်၊ လမ်းပေါ်၌ဖြစ်ပွားခဲ့သည့်မတော်တဆမှု ၂၉၈၀၀၀ ခန့်၊ ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၁၅၆၀၀၀ ခန့်သည် အရက်သေစာနှင့် အဖျော်ယမကာသောက်သုံးမှုကြောင့် ဖြစ်ရသည်ဟု သိရသည်။ အရက်သောက်သုံးမှုသည် အသည်းရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ရောဂါစသည့် ရောဂါအမျိုးမျိုးကို ဖြစ်ပွားတတ်သောကြောင့် အရက်ကို လုံးဝရှောင်ရှားကြရန် လိုအပ်ပေသည်။

လူငယ်များ ဘဝအသိပညာ တိုးပွားလာကာ ဘဝလမ်းကို မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်စေရေးအတွက် သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ကြရပေမည်။ လူ့ဘဝတစ်လျှောက်လုံးတွင် စောင့်ထိန်းလိုက်နာရမည့် သီလတရားတို့တွင်လည်း အရက်သေစာနှင့် မူးယစ်စေတတ်သော အရာများသောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်းဆိုသည့် သီလတစ်ပါး ပါဝင်သည်။ "အရက်သမား အမှားတစ်ထောင်" ဆိုသည့်နှင့်အညီ သုရာမေရယကံကို ကျူးလွန် ဖောက်ပြန်မိသူသည် အခြားသောကံများကိုပါ ဖောက်ပြန်ကျူးလွန်နိုင်သည်။

"ဥစ္စာစီးပွား ဆုတ်ယုတ်ဆုံးရှုံးခြင်း၊ ငြင်းခုံခိုက်ရန်ပေါ်များခြင်း၊ အနာရောဂါဖြစ်ပွားခြင်း၊ ဂုဏ်ရှိန်သတင်း အကျော်စောမဲ့ခြင်း၊ အရှက်အကြောက်မရှိခြင်း၊ ပညာအားနည်းဆုတ်ယုတ်ခြင်း" စသည့်အပြစ်ခြောက်ပါးကို လက်ငင်းဖြစ်စေသည့် အရက်သေစာသောက်သုံးခြင်းကို မျိုးဆက်သစ်လူငယ်များ မဖြစ်မနေ ရှောင်ကြရန်လိုသည်။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည့် စည်းစိမ်ပျက်စီးကြောင်း အကြောင်းတရား ခြောက်ပါးတွင် မူးယစ်မေ့လျော့ခြင်းကို ဖြစ်စေသော သေရည်သေရက်သောက်လေ့ရှိခြင်း ဆိုသည့် အကြောင်းတရား တစ်ပါးပါဝင်သည်။ သို့ဖြစ်ရာ အနာဂတ်ကာလ ဘဝအောင်မြင်ရေး ကြိုးစားဆောင်ရွက်နေသည့် လူငယ်များအနေဖြင့် အပြစ်ခြောက်ပါးကင်းစင်နိုင်ပြီး လှပသည့်ဘဝကို ရရှိနိုင်ရေး အရက်သေစာကို တတ်နိုင်သမျှကြိုးစားရှောင်ရှားကြပါရန် တိုက်တွန်းလိုက်ရပေသည်။

**ကိုးကား**

– ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်များ၊
– နေ့စဉ်ထုတ်သတင်းစာများ။

ဝတ္ထုတိုကဏ္ဍ

# နှင်းမှုန်ကြားက ပီတိမျက်ရည်

မင်းလပြည့်(ဟားခါး)



(၁)

"ဆိုင်မဖွင့်သေးဘူးလားဗျို့"

နံနက်အလင်းရောက်ပြီဆိုတာနဲ့ ထောင်ဇမ်တစ်ယောက် လာနှိုးနေကျပါ။ အိမ်ဆိုင်ထဲမှာ ရေနွေးအိုးတည်၊ လက်ဖက်ရည်အိုးနှပ်နေတဲ့အဖေနဲ့ ဆီချက်ခေါက်ဆွဲ၊ ပလာတာစီစဉ်နေတဲ့ အစ်မတို့က စောစီးစွာ နိုးနေကြပါပြီ။ "ချင်းတောင်တန်း" အမည်ရတဲ့ ကျွန်တော်တို့ရဲ့လက်ဖက်ရည်ဆိုင်က ရွာအလယ်မှာ ရှိပါတယ်။ ရွာက ကားလမ်းမပေါ်မှာရှိတဲ့အပြင် မှန်လုံကား၊ ကုန်ကား၊ ထော်လာဂျီပိုင်သူတွေ များတဲ့အပြင် သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်လို့ ရွာက စီးပွားရေး အဆင်ပြေတယ်။ ကျွန်တော်တို့ဆိုင်က အီကြာကွေး၊ လက်ဖက်ရည်နဲ့ ပလာတာ နာမည်ကြီးတော့ စားတဲ့သူတွေက မနက်ဆို ဆိုင်မှာလူပြည့်နေတယ်။ ရွာသူဌေး ဦးထလာဘိတို့ မိသားစုကလည်း နေ့စဉ် လာအားပေးကြတယ်။ သူရဲ့ တစ်ဦးသော သမီး ဗျက်ထားလဲပါတယ်လေ။

ဦးထလာဘိက ချင်းတောင်မှာနေပေမဲ့ ဘွဲ့ရပညာတတ်၊ စီးပွားရေးသမား။ ငွေကြေးချမ်းသာသူဆိုတော့ ရွာက အထင်ကြီးကြတယ်။ အထူးသဖြင့် နိုင်ငံရပ်ခြားမှာနေသူတွေကို ပိုအထင်ကြီးတယ်။ တစ်ဦးတည်းသောသမီးလေး ဗျက်ထားကို ငုံထားမတတ် သိပ်ချစ်သူပေါ့။ တစ်ခုက သူ့ဇနီး ငွန်ဇသန်းက လူမှန်၊ မှူမှူတတစဉ်းစားတတ်တယ်။ ဒါက ကျွန်တော့်အတွက် အားသာချက်တစ်ခုပါ။ ဗျက်ထားနဲ့ပတ်သက်ပြီး သူတို့အိမ်မှာစည်းကမ်းတစ်ခုချထားတယ်။ ဗျက်ထားက အရွယ်ရောက်ပြီဆိုတော့ သူချစ်နှစ်သက်သူကို ရွေးချယ်ခွင့်ရှိတယ်။ မိဘက အတင်းအကျပ်မပေးစားရဘူးဆိုတာပဲ။ ဒါက ကျွန်တော့်အတွက် ကံကောင်းခြင်းတစ်ခုပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ ဗျက်ထားက ချစ်သူတွေဆိုတာ တစ်ရွာလုံး သိတယ်လေ။

"ကဲ... ဆိုင်မြန်မြန်ဖွင့်ကြပါတော့"

အမေက ဆိုင်ကိုဖွင့်တော့ ထောင်ဇမ်ကမေးတယ်။

"လျန်မောင်း နိုးပြီလား"

"နိုးပြီထင်တယ်၊ လျန်မောင်းရေ သားနိုးပြီလား"

"နိုးပြီ အမေ"

ကျွန်တော်လည်းပြန်ထူးပြီး အိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး အိမ်ရှေ့ထွက်လာခဲ့တယ်။ အိမ်နဲ့တွဲထားတဲ့ အိမ်လက်ဖက်ရည်ဆိုင်လေးမှာ လူစည်ကားစပြုနေပေပြီ။

"ဘာလဲ ထောင်ဇမ်၊ မင်းက မနက်စောစောစီးစီး ဘာတွေအရေးကြီးနေတာလဲ"

ကျွန်တော်က မေးလိုက်တယ်။ ထောင်ဇမ်က ရွာရဲ့မောင်းတစ်လုံး။ သူရှိရင် တစ်ရွာလုံးသတင်း သူ့ဆီကရတယ်။ သူက ရွာမှာဆိုင်ကယ်ပြင်ဆိုင်၊ မုန့်ဆိုင်လဲရှိတော့ သတင်းလဲရနိုင်တာပေါ့။

"လျန်မောင်း မင်းသတင်းကြားပြီးပြီးလား"

"ဘာမှမကြားပါဘူးကွာ"

"မနေ့က ဇကုတ်ထန် အမေရိကန်ကနေ ပြန်ရောက်လာတယ်။ အခြားမဟုတ်ဘူး တို့ရွာ နှစ် (၂၀၀) ပြည့်ပွဲကို ပြန်လာတာ။ ရွာမှာ ပျော်ပွဲရွှင်ပွဲအပြင် (ချင်းလူမျိုးအခေါ်) "ပိုက်"နပန်းလုံးပြိုင်ပွဲကို ဝင်မယ်တဲ့။ သူက ဒီနှစ် အမေရိကန်ချင်းတိုင်းရင်းသား နပန်းလုံးပြိုင်ပွဲမှာ ပထမရထားတာတဲ့။ ငါထင်တာတော့ ဟိုမှာ ပြိုင်တဲ့သူနည်းမယ်၊ တို့လောက်ပြိုင်သူမရှိဘူး ထင်တယ်။ မင်းက ဒီနှစ်ဆုရရင် သုံးနှစ်မြောက် ချန်ပီယံလေ။ မင်းရဲ့ဆုကို လုယူမယ်လို့ ပြောတယ်"

"နောက် အရေးကြီးဆုံးတစ်ခုရှိသေးတယ်။ မင်းစိတ်ထိန်းထားပါ၊ ငါပြောရမလား"

"ပြောကွာ"လို့ ကျွန်တော်က ပြောလိုက်တော့ ထောင်ဇမ်က ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်တယ်။

"ဇကုတ်ထန်က မင်းရည်းစား ဗျက်ထားကို ငယ်ငယ်လေးထဲက ကြိုက်နေတာလေ။ သူလာတာ မိန်းမတောင်းဖို့တဲ့"

"ဘာကွ"

ကျွန်တော် ရုတ်တရက်ဒေါသထွက်သွားတယ်။

"အဲဒါကြောင့် မင်းကိုပြောတာ၊ မင်းက စိတ်လက်တစ်ဆစ်ပဲ၊ ဒေါသထွက်နေတာပဲ"

ပြီးမှ ကျွန်တော်သတိဝင်လာပြီး "မင်းဘာစားမလဲ"လို့ မေးလိုက်တယ်။

"ထုံးစံအတိုင်းပေါ့ကွာ"

"ငါလဲစားမယ်။ အမေ လက်ဖက်ရည်နှစ်ခွက်၊ ပလာတာတစ်ခု၊ အီကြာကွေးတစ်ချောင်း"

(၂)

"ချစ်ရတဲ့အစ်ကို အဖေက ဇကုတ်ထန်ကို သိပ်သဘောကျနေတယ်၊ ပေးစားချင်နေတာ။ အမေက ဗျက်ထားကြိုက်တဲ့သူ ရွေးပါစေဆိုတော့။ အဖေက ဇကုတ်ထန်ကို အနိုင်ရအောင်၊ ပထမရအောင်ကစားပါ။ လျန်မောင်းကို နိုင်ရင်ပေးစားမယ်ပြောလို့ ညီမ စိတ်ညစ်နေတယ်။ ဇကုတ်ထန်က အရက်သောက်၊ မိန်းမပွေတယ်လို့သတင်းကြားတယ်။ သူ့ကိုမကြိုက်ဘူး။ ညီမကိုလဲ အိမ်အပြင်မထွက်ခိုင်းဘူး။ အစ်ကို နိုင်အောင်ကစားပါ။ အစ်ကိုနဲ့ပဲ လက်ထပ်ချင်ပါတယ်။ (ဗျက်ထား)" တဲ့။

ဗျက်ထားစာရပြီး ကျွန်တော့်ရင်ထဲမှာ မီးတောင်ကြီးပေါက်ကွဲသွားသလို တုန်လှုပ်သွားခဲ့တယ်။ ဇကုတ်ထန်ဘက်ကစဉ်းစားကြည့်တော့ သူလဲ မိန်းမပျိုတစ်ယောက်ကို ချစ်ပိုင်ခွင့်ရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။ မိန်းမပျိုတစ်ယောက်ကို ယောကျ်ားပျိုနှစ်ယောက်က စွဲစွဲလန်းလန်းချစ်နေတာက ဗျက်ထားရဲ့အချစ်စန်းပွင့်တာလား။ ကျွန်တော်တို့နှစ်ယောက်က တစ်ရွာထဲမှာ ဘာဖြစ်လို့တိုက်တိုက်ဆိုင်ဆိုင် ပြိုင်ဘက်ဖြစ်နေရတာလဲ။ ဇကုတ်ထန်နဲ့ ကျွန်တော်က ကျောင်းနေဘက်တွေပါပဲ။ ဒီနပန်းလုံးပြိုင်ပွဲမှာ ကျွန်တော်ရှုံးခဲ့ရင် ဗျက်ထားအသည်းကွဲရမှာကို မလိုလားပါဘူး။ ဒီပွဲမှာ ကျွန်တော်မရှုံးချင်ပါဘူး။ ဒါပေမဲ့ ရွာထဲမှာ ကောလာဟလစကားတွေဖြစ်နေတယ်။ ဒါကလဲ ထောင်ဇမ်ဆီက သိရတာ။

"ဗျက်ထားကလဲ ဇကုတ်ထန်ကို သဘောကျတယ်တဲ့"

ဇကုတ်ထန်ရဲ့စိတ်ဓာတ်စစ်ဆင်ရေးလား။ လမ်းမှာတွေ့ရင်လဲ ဇကုတ်ထန်ရဲ့ မထီမဲ့မြင်အမူအရာတွေဟာ ရင်ဝအကန်ခံရသလို ခံပြင်းစေခဲ့တယ်။ ဇကုတ်ထန်ကို အနိုင်ပြိုင်မယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီး အပြင်းအထန်လေ့ကျင့်ခဲ့ပါတယ်။

(၃)

ရွာရဲ့ နှစ်(၂၀၀)ပြည့်ပြိုင်ပွဲကို စတင်ကျင်းပပါပြီ။

"ဝေးဟေးဟေး ရှီး ရှီး"

နိုင်တဲ့ရွာက အားပေးဂုဏ်ပြုကြတယ်။ ဇကုတ်ထန်တို့ရွာကလဲ သူတို့လူနိုင်တာနဲ့ အားပေးကြတာ ပြိုင်ပွဲက ညဥ့်နက်တဲ့အထိပါပဲ။

"လျန်မောင်းကွ၊ လျန်မောင်းကိုနိုင်ဖို့ရာ ဆယ်နှစ်ဆယ်မိုး ကြိုးစားပါအုံး"

ကျွန်တော့်ကို အားအပေးဆုံးက ထောင်ဇမ်ပါ။ ကျွန်တော်ကလဲ ပြိုင်ဘက်ကို ပထမတစ်ချီထဲနဲ့ အပြတ်ဖြတ်သလို ဇကုတ်ထန်ကလဲ ပြိုင်ဘက်တိုင်း နိုင်နေတော့ ဗိုလ်လုပွဲမှာ ကျွန်တော်တို့နှစ်ယောက် ဗိုလ်လုပွဲတက်မယ်လို့ ထင်ကြေးပေးနေကြတယ်။ ဒီမှာ ထူးခြားချက်တစ်ခုရှိတယ်။ အဲဒါကတော့ ကျွန်တော်ရဲ့ချစ်သူဗျက်ထားတို့မိသားစုက နေ့တိုင်းလာအားပေးတယ်။ ဇကုတ်ထန်နိုင်ရင် သူ့အဖေ ဦးထလာဘိလက်ခုပ်သံက အကျယ်ကြီး။ ကျွန်တော်နိုင်ရင်တော့ ဗျက်ထားနဲ့ အမေဖြစ်သူရဲ့ လက်ခုပ်သံကို ကြားရတယ်။ ဒီလိုနဲ့ လူတွေထင်တဲ့အတိုင်း နောက်ဆုံးဗိုလ်လုပွဲ ရောက်လာခဲ့တာပေါ့။

"လျန်မောင်း အားတင်းထားကွ။ မင်းဘက်က အားပေးနေမယ်"

ဒီနေရာမှာ ပြိုင်ဘက်ကောင်းဖြစ်လာတာက ဇကုတ်ထန်ပါ။ ဇကုတ်ထန်မသိတာတစ်ချက်ရှိတယ်။ ဇကုတ်ထန်က အပျော်ဝင်ပြိုင်တဲ့သူတွေကို နိုင်ခဲ့တာ။ ကျွန်တော်က မနှစ်က ဆီမီးဖိုင်နယ်တက်လာတဲ့ ရွာဗန်းရွာက ထပ်မန်းကို အကြိတ်အနယ်ပြိုင်ပြီးမှ ဒီအဆင့်ရောက်လာတာ။ ဇကုတ်ထန်က နိုင်တိုင်း ဗျက်ထားကို လှမ်းကြည့်ရတာအမော။ ဗျက်ထားကတော့ ခပ်တည်တည်ကြီးနဲ့မို့ ဇကုတ်ထန်ရင်ထဲ ကလိကလိဖြစ်နေတယ်။ အခုတော့ ချန်ပီယံဟောင်း လူသန်ကြီးမန်ကျုံးက ချင်းထုံးစံအရခွန်အားမှူဝေယှဉ်ပြိုင်ခြင်းဖြစ်တဲ့အတွက် ချစ်ခင်စွာယှဉ်ပြိုင်ကြဖို့ မှာကြားနေတယ်။ ဗိုလ်လုပွဲမို့ လူတွေက ကြိတ်ကြိတ်တိုး စည်ကားနေတယ်။ ဒီနေ့ဟာ ပွဲရဲ့နောက်ဆုံးနေ့ပဲ။ ပွဲဈေးတန်းက လူတွေကလဲ ပြိုင်ပွဲစင်အနား တိုးဝှေ့၊ တိုးကြည့်နေတယ်။ ဇကုတ်ထန်က စိတ်လှုပ်ရှားနေပုံရတယ်။ ကျွန်တော်ကတော့ ဘယ်လိုတိုက်ကွက်နဲ့ တိုက်ခိုက်ရမလဲ စဉ်းစားနေတယ်။ ဒိုင်က ပြိုင်ပွဲစဖို့ အချက်ပြလိုက်တာနဲ့ ဇကုတ်ထန်က လက်ကိုကိုင်ပြီး ခါးကိုဖက်၊ လှဲချဖို့ကြိုးစားလာတယ်။ ဒီအကွက် ရိုးရှင်းလိုက်တာဆိုတာ ကျွန်တော်သိလိုက်တယ်။ အဖေပြောသလိုဆိုရင် တိုက်ကွက်ပေါင်း ၂၀ ရှိတယ်ဆိုပဲ။

ကြားဖူးနားဝပြောရရင် တင်ပါးခွက်ပေါ်သို့ တင်ခြင်း၊ ပေါင်ပေါ်တင်ခြင်း၊ ဆွဲ၍လှည့်ခြင်း၊ တံကောက်ကွေးကို ရစ်ပတ်ခြင်း၊ ခြေနှစ်ချောင်းကို ထိုးလှဲခြင်း၊ ကိုယ်ကိုလှဲ၍ အနောက်သို့ပစ်ခြင်း၊ ဒူးဒူးချင်းလှဲခြင်း၊ နောက်ဘက်သို့ ဦးခေါင်းဖြင့်ကျစေရန်ပစ်ခြင်း၊ ခြေမကိုနင်း၍ လှဲခြင်း၊ ခြေဖဝါးဖြင့်ကွေး၍ ဆွဲခြင်း၊ ဆွဲမ၍ခေါင်းကို ခြေသို့ထိုးကျခြင်း၊ ခြေထောက်ကြားတွင် ခြေထိုး၍ရစ်ပတ်ခြင်း၊ ထိုင်၍ နောက်သို့ပစ်ခြင်း၊ တစ်ဖက်သား၏တံတောင်ကွေးကို ခုတ်ရိုက်ခြင်း၊ လည်ပင်းဖက်ခြင်း၊ ခါးဖြင့်ကိုင်၍မြှောက်ခြင်း၊ ကိုင်ညှစ်ခြင်း၊ ထိုင်ရင်း၊ ရပ်ရင်း လှည့်ခြင်း၊ ပေါင်ပေါ်တင်ခြင်း၊ ညှစ်၍မပြီးလှဲခြင်းတွေကို ပြန်စဉ်းစားနေတယ်။ ကျွန်တော်စဉ်းစားနေတုန်း ဇကုတ်ထန်က အတင်းပြေးဝင်ပြီး ဖက်လိုက်တယ်။ ကျွန်တော်က ပြန်ဖက်ထားပြီး တစ်ဦးနဲ့တစ်ဦး ထုပ်စည်းတိုးသလိုဖြစ်နေပြီး အော်သံတွေက နားကွဲမတတ်ဆူညံနေပါပြီ။

"လျန်မောင်း လှဲပစ်လိုက် လှဲပစ်လိုက်။ အားနဲ့လှဲပစ်လိုက်"

"ဇကုတ်ထန်ကွ တောင်ပိုင်းရွာကဇကုတ်ထန်ကွ"

အပြိုင်အဆိုင်အော်ဟစ်ကြရင်း ကျွန်တော်က အတင်းပြေးဖက်လာတဲ့ဇကုတ်ထန်ရဲ့ ခြေနှစ်ချောင်းကိုထိုးပြီးအားနဲ့လှဲချလိုက်တယ်။ ဇကုတ်ထန် ရုတ်တရက်အငိုက်မိပြီး ကြမ်းပြင်နဲ့ထိပြီး လဲကျသွားတယ်၊

"ဟေး ဟေး လျန်မောင်းကွ"

ဇကုတ်ထန် စရှုံးနေပြီ။ ဒိုင်က ဆက်ပြိုင်ခိုင်းတယ်။ ခြေဖဝါးဖြင့်ကွေးပြီး ဆွဲတဲ့နည်းကို သုံးရမလား။ ကျွန်တော်စဉ်းစားနေသလို ဇကုတ်ထန်လဲ အတင်းပြေးမဝင်ရဲတော့ဘူး။ ဒီအခါမှာတော့ ကျွန်တော်က သမ္မာပြလိုက်တယ်။ တွဲ၍လှည့်ခြင်း၊ တံတောင်ကွေးကို ရစ်ပတ်ခြင်း၊ နည်းအမျိုးမျိုးနဲ့ တိုက်ပြတော့။ ဇကုတ်ထန် ချွေးပြန်လာတယ်၊ ဇကုတ်ထန် ကြောက်သွားပြီ။ ကျွန်တော့်ကို အထင်သေးတာ သူအကြီးအကျယ်မှားသွားပြီဆိုတာ သိသွားပြီထင်တယ်။

"လျန်မောင်းကွ၊ လျန်မောင်းကွ။ သုံးထပ်ကွမ်း ချန်ပီယံလုပ်ပြစမ်း"

အော်ဟစ်သံတွေ ဆူညံနေလို့ ဘယ်သူမှန်းမသိတော့ဘူး။ ဇကုတ်ထန်ဆီက အလွန်မောဟိုက်တဲ့အသံကိုကြားလိုက်ရတယ်။ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။

စာမျက်နှာ ၂၅ သို့ ➤

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျွန်းလှ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြိုးစားသူသာ အောင်မြင်ရာ

\- လောကဓံ ဆိုးသလား
ညှိုးမသွားနဲ့ ကိုယ့်အားအင်၊
ရည်ရွယ်ရာ ဖြစ်မြောက်အောင်
ဆက်လျှောက်ဖို့ပြင်၊
မရပ်တဲ့သူလျှင်
ချူချင်တဲ့ အောင်ပန်းရ၊
လောကဓံ ညစ်နွမ်းစေလည်း
ကျောမခံ မပျက်တမ်း
ဆက်လှမ်းနေမှ၊

\- လောကဓံ ကောင်းသလား
ပြောင်းမသွားနဲ့ ရည်ရွယ်ရာ၊
ပန်းတိုင်ဆီ အရောက်မှန်း
လျှောက်လှမ်းလိုက်ပါ၊
စွဲမြဲသူ တစ်ယောက်မှာ
ပေါက်မြောက်စရာ အောင်မြင်မှု၊
လောကဓံ ပင့်မြှောက်လည်း
ဒေါမာန်တွေ မဝင့်မောက်ရင်
အမြင့်ရောက်ဖို့ရှု။

\- လောကဓံ သူ့အမူ
ဂရုပြုဖို့ သိပ်မလို၊
ဆိုးတစ်ခါ ကောင်းတစ်ကွေ့
ပြောင်းပေ့ အထိုထို၊
ကိုယ်ကတော့ မနွမ်းမယိုင်မပြို
ပန်းတိုင်ကိုသာ ဦးတည်လျှောက်၊
နိုးကြားမှု စွဲထမ်းပါလို့
ကြိုးစားသူ မလွဲတမ်း
အိုကွယ်...
အမြဲတမ်းထိပ်ရောက်။ ။

**လွမ်းလေးကို(သရက်)**

# ပန်းတနော်မြို့နယ်တွင် အသားစားကြက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ မွေးမြူရေး အသားစားကြက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် မွေးမြူရေး အသားစားကြက်များကို ရန်ကုန်ဈေးကွက်အတွင်း ဖြန့်ဖြူး ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက်မွေးမြူရေး အသားစားကြက်များ ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မွေးမြူရေးအသားစားကြက် တစ်ရက်ကို ပိဿာချိန် ၅၀၀၀ ကနေ ၈၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အသားစားကြက်တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေ အကောင်လိုက် အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေးအသားစားကြက်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့တာပါ။ မွေးမြူရေးအသားစားကြက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် ကြက်မွေးမြူတဲ့သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုဌေးက ပြောပြသည်။



ပန်းတနော်မြို့နယ်တွင် ဒေသခံများမွေးမြူရောင်းချသည့် အသားစားကြက်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ကြက်မွေးမြူသူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် မြောက်လက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်လက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောက်လက်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ငွေကျပ် ၅၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

➤ စာမျက်နှာ ၂၄ မှအဆက်

နောက်ဆုံး ထိုးစစ်ဆင်ရတော့မယ်ဆိုတာကိုပဲ။ ကျွန်တော်က လျှို့ဝှက်တိုက်ကွက်ဖြစ်တဲ့ ခါးဖြင့်ကိုင်၍မွေ့ခြင်းနည်းကိုသုံးပြီး ဇကုတ်ထန်ရဲ့ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်လှဲချလိုက်တယ်။ ဒိုင်က ကျွန်တော့်ကို အနိုင်ရကြောင်း ခရာမှုတ်ကြေညာလိုက်တယ်။ ကျွန်တော်က ဇကုတ်ထန်ကို ပြတ်ပြတ်သားသားနိုင်လိုက်တယ်။ ပွဲပြီးတော့ ဇကုတ်ထန်က "လျှန်မောင်း မင်း ပထမရထိုက်ပါတယ်ကွာ"ဆိုပြီး လေးစားသမှုပြုပြီး ရှုံးနိမ့်ခြင်းအထိမ်းအမှတ်နဲ့ ကြမ်းပြင်နဲ့ခေါင်းကိုထိပြီး ဝမ်းနည်းကြေကွဲနေတယ်။ ကျွန်တော်က အောင်နိုင်သူအထိမ်းအမှတ်ခါးပတ်ကိုပတ်ပြီး အားပေးသူတွေကို လက်ဝှေ့ယမ်းပြနေတယ်။

ကျွန်တော့်ရဲ့ချစ်သူ ဗျက်ထားနဲ့ မိခင်ဖြစ်သူ ငွန်ဇသန်းက အားရကျေနပ်ဟန်နဲ့ လက်ခုပ်တီးပြုံးပြနေတယ်။ ဗျက်ထားရဲ့အဖေဦးထလာဘိကတော့ ပွဲခင်းထဲက ကျောခိုင်းထွက်ခွာသွားပါပြီ။ ဗျက်ထားရဲ့မျက်ရည်တွေက ဝမ်းသာလွန်းလို့ကျနေတယ်။ နပန်းစင်က ကျွန်တော်ဆင်းလာပြီး ဗျက်ထားရှိရာကို ဂုဏ်ယူစွာနဲ့လျှောက်လာတယ်။ ချစ်ရတဲ့ ဗျက်ထားကိုရဖို့ အနိုင်ကစားခဲ့ရတယ်။ ကျွန်တော်က ဗျက်ထားကို ဂုဏ်ယူစွာညင်ညင်သာသာပွေ့ဖက်လိုက်တယ်။ ညဥ့်နက်လာပြီဆိုတော့ ကောင်းကင်မှာကြယ်တွေက လင်းလက်နေတယ်။ လမင်းကြီးလဲ တိမ်ကြားက တိုးထွက်လာပါပြီ။ ရာသီဥတုအေးစိမ့်လာတယ်။ နှင်းမှုန်တွေက ကျွန်တော်တို့နှစ်ဦးကြားမှာ တဖွဲဖွဲကျလာတယ်။ ဒါကိုတွေ့သွားတဲ့ ရွာသားတွေက–

"လျှန်မောင်းကွ လျှန်မောင်းကွ"လို့ အော်ဟစ်အားပေးနေကြတယ်။ ကျွန်တော်က အားပေးနေတဲ့ပရိသတ်တွေကို လက်ပြသလို ဗျက်ထားကလဲ ဂုဏ်ယူဟန်နဲ့ အားပေးသူတွေကိုလက်ဝှေ့ယမ်းပြတယ်။ နှင်းမှုန်တွေက တဖွဲဖွဲကျလာပါပြီ။ နှင်းမှုန်တွေကြားထဲမှာ ကျွန်တော်ရဲ့ဝမ်းသာမှုကြောင့်ကျလာတဲ့ပီတိမျက်ရည်ကို ဗျက်ထားတွေ့သွားခဲ့ပါပြီ။ ဗျက်ထားလဲ မျက်ရည်ကျနေတယ်။ ဒါဟာ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်သက်သေလား ကျွန်တော်မပြောတတ်တော့ဘူး။

ကျွန်တော်က ပထမဆုဖလားကို ဗျက်ထားဆီပေးလိုက်တယ်။ သည်ပထမဆုဖလားဟာ သူ့ရဲ့နှလုံးသားကို သိမ်းပိုက်လိုက်တာပဲမဟုတ်လား။ ဗျက်ထားက ကျွန်တော့်ရဲ့ပထမဆုဖလားကို ပွေ့ဖက်ထားရင်း ရင်ခုန်သံတွေနွေးထွေးနေမယ်ထင်ပါရဲ့။

# ကမ္ဘာ့ဈေးကွက်ထဲမှ စီးပွားဖြစ်ကော်ဖီယဉ်ကျေးမှု

ဘုန်းရဲနိုင်(ဂန့်ဂေါ)

**ကော်ဖီ၏နောက်ခံသမိုင်းကြောင်း**

ကော်ဖီသည် ကမ္ဘာတစ်ဝန်းတွင် လူကြိုက်အများဆုံးသောက်ဖွယ်ရာတစ်ခုဖြစ်သကဲ့သို့ ၎င်း၏သမိုင်းကြောင်းမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကမ္ဘာပေါ်တွင် ကော်ဖီကို အေဒီ ၈ ရာစုက အီသီယိုးပီးယားနိုင်ငံမှ ဆိတ်ကျောင်းသားများက စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ နောင်တွင် ဒေသခံဘုန်းတော်ကြီးတစ်ပါးက ကော်ဖီသီးများကိုအရည်ဖျော်သောက်ကြည့်သည့်အခါ တစ်ညလုံးမအိပ်ချင်ဘဲ နိုးနိုးကြားကြားဖြစ်နေခဲ့သည်ဟု ဆိုပေသည်။ ၎င်းကော်ဖီတစ်ခွက်သည် လူသားတို့သောက်သုံးခဲ့သည့် ကမ္ဘာ့ပထမဆုံးကော်ဖီဖြစ်မည်ဟု ယူဆထားကြသည်။

၁၅ ရာစုတွင် ကော်ဖီကို လူသားတို့စတင်သောက်သုံးနေကြပြီဖြစ်သည်။ အာရပ်ကုန်သည်များက ကော်ဖီကို ယီမင်နိုင်ငံသို့ယူဆောင်သွားပြီး ပထမဆုံးကော်ဖီဆိုင်များကို မက္ကာနှင့် ကိုင်ရိုမြို့တို့တွင်ဖွင့်လှစ်ခဲ့သည်။ ယီမင်နိုင်ငံ မိုခါဆိပ်ကမ်းမြို့သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာခဲ့ကာ ထိုဒေသတွင် ကော်ဖီကို "Qahwah" ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုစကားလုံးသည် နောက်ပိုင်းတွင် "Coffee"ဟူသောဝေါဟာရအဖြစ် ပြောင်းလဲလာခဲ့ကြောင်း သိရသည်။ ကော်ဖီသည် ၁၇ ရာစု အစောပိုင်းတွင် ဥရောပသို့စတင်ရောက်ရှိခဲ့စဉ် အီတလီနိုင်ငံ ဗင်းနစ်မြို့သည် ကုန်သွယ်ရေးဗဟိုချက်ဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် လန်ဒန်၊ ပဲရစ်၊ ဗီယင်နာစသည့်ဥရောပမြို့ကြီးများတွင် ကော်ဖီဆိုင်များပေါ်ပေါက်လာခဲ့သည်။

ဥရောပကိုလိုနီ အင်အားကြီးနိုင်ငံများသည် အာရှနှင့် အမေရိကတိုက်ရှိ ၎င်းတို့၏ ကိုလိုနီနယ်မြေများတွင် ကော်ဖီကို စီးပွားဖြစ်စတင်စိုက်ပျိုးခဲ့ကြသည်။ ၁၇ ရာစုနှောင်းပိုင်းတွင် နယ်သာလန်လူမျိုးများက ယီမင်နိုင်ငံမှကော်ဖီစေ့များကို ၎င်းတို့၏ ကိုလိုနီနယ်မြေဖြစ်သောအင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် စီးပွားဖြစ် စတင်စိုက်ပျိုးခဲ့သည်။ အင်ဒိုနီးရှားမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့သည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ကော်ဖီကို ၁၈၈၅ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ရာသီဥတုနှင့်မြေဆီလွှာသည် ကော်ဖီစိုက်ပျိုးရန်သင့်လျော်သောကြောင့် ကော်ဖီထုတ်လုပ်မှု လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**ဖွံ့ဖြိုးလာနေသော ကော်ဖီယဉ်ကျေးမှု**

ယနေ့တွင် ကော်ဖီကို လူမျိုးမရွေး၊ ဘာသာမရွေး နှစ်သက်စွာသောက်သုံးလျက်ရှိကြသည့် အဖျော်ယမကာတစ်မျိုးဖြစ်နေသည်။ စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အာရေဗီးကားကော်ဖီစေ့ကို ၇၀ ရာခိုင်နှုန်းအသုံးပြုလျက်ရှိသည်။ ရိုဘက်စတာကော်ဖီစေ့ကိုအသုံးပြုမှုနည်းသော်လည်း အခါးဓာတ်များ၍ ကဖိန်းဓာတ်နှစ်ဆပိုသဖြင့် နှစ်သက်သူများလည်းရှိသည်။ ကမ္ဘာပေါ်တွင် ကော်ဖီကိုအဓိကသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်ကျော်က နေ့စဉ်သောက်သုံးလျက်ရှိသည်။ ကမ္ဘာ့တစ်ဦးချင်းကော်ဖီသောက်သုံးမှုပမာဏအနေဖြင့် ဖင်လန်၊ နော်ဝေ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နယ်သာလန် စသည့်မြောက်ပိုင်းဥရောပနိုင်ငံများက အစဉ်အလိုက်ရှိနေကြသည်။ နိုင်ငံအလိုက် ကော်ဖီသောက်သုံးမှုတွင် အမေရိကန်နိုင်ငံက ကမ္ဘာ့အကြီးဆုံးကော်ဖီဈေးကွက်တစ်ခုဖြစ်ပြီး နှစ်စဉ်ကော်ဖီတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံခန့်ရှိကြောင်း သိရသည်။ အမေရိကန်နိုင်ငံတွင် ရိုးရာကော်ဖီများအပြင် Specialty Coffee၊ Cold Brew ကဲ့သို့သော ထုတ်ကုန်အသစ်များကိုပါ နှစ်သက်သုံးစွဲလျက်ရှိကြသည်။

ဂျာမနီ၊ ပြင်သစ်နိုင်ငံတို့သည်လည်း ကော်ဖီသောက်သုံးမှုများပြားသော နိုင်ငံများဖြစ်ပြီး Filter Coffee(အစစ်ခံကော်ဖီ) သို့မဟုတ် Black Coffee (နို့၊ သကြားမပါ)ကို သောက်သုံးလေ့ရှိသည်။ ဗီယက်နမ်၊ ထိုင်း၊ မလေးရှားတို့သည် အရှေ့တောင်အာရှဒေသထွက်ကော်ဖီများကိုသောက်သုံးပြီး ချိုမြိန်သောနို့ဆီနှင့်ရောစပ်ထားသည့်ကော်ဖီများကို သောက်သုံးကြသည်။ ဘရာဇီးကဲ့သို့သောနိုင်ငံများ၌ ကော်ဖီ



ကို နေ့စဉ်နံနက်တွင် အဓိကသောက်သုံးပြီး စီးပွားရေးနှင့် လူမှုပေါင်းသင်းဆက်ဆံမှုများတွင်လည်း အရေးပါသောအဖျော်ယမကာဖြစ်သည်။ ဂျပန်နှင့်တောင်ကိုရီးယားကဲ့သို့သော နိုင်ငံများတွင်မူ ကော်ဖီကို အရသာနှင့်အနုပညာတစ်ခုအဖြစ် ရှုမြင်ကြသည်။ အီသီယိုးပီးယားကဲ့သို့သောနိုင်ငံများတွင် ကော်ဖီသောက်သုံးမှုဓလေ့မှာ ယဉ်ကျေးမှုအရ အရေးပါပြီး ကော်ဖီအခမ်းအနားများ (Coffee Ceremonies)ကို သီးခြားကျင်းပပြုလုပ်လေ့ရှိသည်။

**ကော်ဖီကို စီးပွားဖြစ်စိုက်ပျိုးသည့်နိုင်ငံများ**

ကမ္ဘာပေါ်တွင် စီးပွားဖြစ်အဓိကစိုက်ပျိုးသော ကော်ဖီမျိုးစိတ်နှစ်မျိုးရှိသည်။ အာရေဗီးကားကော်ဖီသည် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့်ထိရှိပြီး အရည်အသွေးအမြင့်ဆုံးဟု သတ်မှတ်ထားကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေများတွင်စိုက်ပျိုးပြီး ချိုမြိန်သောအရသာများရှိသည်။ ဘရာဇီး၊ ကိုလံဘီယာ၊ အီသီယိုးပီးယားနိုင်ငံတို့သည် အာရေဗီးကားကော်ဖီကို အဓိကထုတ်လုပ်ကြသည်။ ရိုဘတ်စတာကော်ဖီသည် ကမ္ဘာ့ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ကဖိန်းဓာတ်ပိုများကာ ခါးသက်သောအရသာရှိသည်။ ပင်လယ်ရေမျက်နှာပြင်အနိမ့်ပိုင်းနှင့် ပူနွေးသောဒေသများတွင်စိုက်ပျိုးနိုင်ပြီး ရောဂါဒဏ်ခံနိုင်ရည်ပိုရှိပြီး အသင့်သောက်ကော်ဖီနှင့် Espresso ကော်ဖီအတွက် အဓိကအသုံးပြုသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးကော်ဖီထုတ်လုပ်သည့်နိုင်ငံဖြစ်သည့်အပြင် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးကော်ဖီသောက်သုံးသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည်လည်း ရိုဘတ်စတာကော်ဖီကို ကမ္ဘာပေါ်တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ပြီဖြစ်သည်။

ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ကမ္ဘာပေါ်ရှိ ကော်ဖီစိုက်ပျိုးသူ ၂၅ သန်းကျော်သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်၍ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးနိုင်သကဲ့သို့ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ကြောင်းလည်း တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ကော်ဖီထုတ်လုပ်မှုများ၍ တင်ပို့မှုအများဆုံးနိုင်ငံများသည် အီကွေတာတစ်လျှောက်ရှိ "Coffee Belt"ဟုခေါ်သောဒေသများတွင် တည်ရှိကြသည်။ ဘရာဇီးသည် ကမ္ဘာ့ကော်ဖီအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ထိဖြစ်သည်။ ကမ္ဘာ့ဒုတိယအများဆုံးကော်ဖီထုတ်လုပ်သည့်နိုင်ငံမှာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ထုတ်လုပ်မှုအများဆုံး ငါးနိုင်ငံတွင် ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့ပါဝင်လျက်ရှိသည်။

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကော်ဖီသီးနှံ၏ အခန်းကဏ္ဍ**

ကော်ဖီသည် နိုင်ငံပေါင်း ၇၀ ကျော်တွင်စိုက်ပျိုးထုတ်လုပ်ပြီး ၂၅ သန်းကျော်သော တောင်သူများနှင့် အလုပ်သမားများ၏ အဓိကဝင်ငွေကို ဖန်တီးပေးသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများစွာအတွက် ကော်ဖီသည် အဓိကပို့ကုန်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေရှာဖွေရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် စိုက်ပျိုးရေး၊ ပြုပြင်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ ရောင်းချရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အဆင့်များစွာပါဝင်ပြီး ကမ္ဘာတစ်ဝန်းရှိ ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များသည်လည်း သန်းနှင့်ချီသောလူများအတွက် အလုပ်အကိုင်များ ပံ့ပိုးပေးလျက်ရှိသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တောင်သူများနှင့် အလုပ်သမားများ၏လူမှုဘဝကို တိုက်ရိုက်သက်ရောက်မှုရှိသည်။ တရားမျှတသောကုန်သွယ်မှုစနစ်များနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များသည် တောင်သူများ၏ ဝင်ငွေတည်ငြိမ်မှုကိုသေချာစေပြီး ပညာရေး၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေးတို့အတွက် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများကို ရရှိစေကြောင်း တွေ့ရှိရသည်။ လက်ရှိကမ္ဘာ့ကော်ဖီဈေးကွက်၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၁၃ ဘီလီယံခန့်ရှိပြီး ၂၀၂၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၃၉ ဘီလီယံထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

**မြန်မာ့ကော်ဖီ၏ နောက်ခံသမိုင်းကြောင်း**

မြန်မာ့ကော်ဖီ၏ သမိုင်းကြောင်းသည် ကိုလိုနီခေတ်မှစတင်ခဲ့ပြီး ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့သည်။ မြန်မာနိုင်ငံသို့ ဗြိတိသျှကိုလိုနီခေတ် (၁၉ ရာစုနှောင်းပိုင်း)၌ ကော်ဖီစတင်ဝင်ရောက်လာကြောင်း တွေ့ရှိရသည်။ "Director of Agriculture Burma Office Research in 1940"အစီရင်ခံစာအရ ခရစ်ယာန်သာသနာပြုများက မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၌ ၁၈၈၅ ခုနှစ်တွင် မြေနိမ့်ကော်ဖီကို စတင်စိုက်ပျိုးခဲ့ကြသည်။ သစ်တောဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့် မြိတ်ခရိုင်တို့တွင် စမ်းသပ်ကော်ဖီခြံနှစ်ခြံ တည်ထောင်ခဲ့ဖူးကြောင်း၊ တစ်ချိန်တည်းတွင် ကရင်ပြည်နယ် နန်ချိုဒေသတွင်လည်း ကော်ဖီခြံတစ်ခြံတည်ထောင်ခဲ့ဖူးကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၁၀ ပြည့်နှစ်များနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပိုမိုပွင့်လင်းလာသည်နှင့်အမျှ ကော်ဖီကဏ္ဍသည် ခေတ်သစ်တစ်ခုဆီသို့ ဦးတည်လာခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်စေရန် နည်းပညာအကူအညီများပေးအပ်ခြင်း၊ ကော်ဖီစိုက်ပျိုးရေးဇုန်များဖော်ဆောင်ခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံကော်ဖီအသင်း(Myanmar Coffee Association –MCA)ကဲ့သို့သောအဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများနှင့် ကော်ဖီဆိုင်လုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှုကို အားပေးခဲ့သည်။ မြို့ကြီးပြကြီးများတွင် ခေတ်မီကော်ဖီဆိုင်များတိုးပွားလာခြင်း၊ ကော်ဖီယဉ်ကျေးမှုကြီးထွားလာခြင်းတို့ကြောင့် ပြည်တွင်းကော်ဖီဈေးကွက်သည် သိသာစွာတိုးတက်လာခဲ့သည်။ ဒေသခံကော်ဖီထုတ်လုပ်သူများအတွက် ဈေးကွက်သစ်တစ်ခုကို ဖန်တီးပေးခဲ့သည်။ ယခုအခါ မြန်မာ့ကော်ဖီသည် ဂျပန်၊ ကိုရီးယား၊ အမေရိကန်၊ ဥရောပနိုင်ငံတချို့သို့ တင်ပို့လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

လက်ရှိ ကမ္ဘာပေါ်တွင် ကုန်သွယ်မှုအများဆုံး ရပ်တည်လျက်ရှိသည့်ထုတ်ကုန်မှာ ရေနံဖြစ်ပြီး ဒုတိယကုန်သွယ်မှုအများဆုံးထုတ်ကုန်မှာ ကော်ဖီဖြစ်သည်။ ကော်ဖီသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကဏ္ဍတွင်သာမက လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများအတွက်ပါ အရေးပါသည့်ကုန်စည် သို့မဟုတ် ထုတ်ကုန်တစ်ခုအဖြစ် နေရာယူခဲ့ပြီးဖြစ်သည်။ နေ့စဉ် ကော်ဖီခွက်ရေပေါင်း ၂ ဒသမ ၅ ဘီလီယံခန့် သောက်သုံးနေကြသည့်အချက်ကို ထောက်ချင့်သုံးသပ်သော် ကော်ဖီသည် ခေတ်သစ်လူသားတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်သော ယဉ်ကျေးမှုအစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**


- https://mitc.myantrade.gov.mm/post/Trade%20News.
- https://www.worldstopexports.com/coffee-exports-country.
- https://oec.world/en/profile/bilateral-product/coffee/reporter/mmr.

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲတီစိမ်း ကေ ၁၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်း ကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် ပျဉ်ပုံကျေးရွာ၌ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ပျဉ်ပုံကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ပျဉ်ပုံကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် လမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄ ဒသမ ၈ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၄ သန်း စုစုပေါင်းငွေကျပ် ၆ ဒသမ ၃၄ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပျဉ်ပုံကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း၊ ယခုနှစ်ပြီးခဲ့သည့် ဇွန်လအတွင်း ခုံးစိမ်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ခုံးစိမ်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါခုံးများကို ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ခုံးစိမ်းတွေ ရောင်းအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ခုံးစိမ်းပိဿာချိန် ၇၃၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ဘက်က ငါး၊ ပုစွန်၊ ကဏန်းတွေ အပြင်ခုံးတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက်ခုံးတွေကို ဖျာပုံမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုလို ခုံးစိမ်းတွေ ပုံမှန်ထက် အရောင်းသွက်လည်ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိတာပေါ့''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးလုပ်ဆောင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ခုံးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ချောင်းခွကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ်၊ ချောင်းခွကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညဏ်မိုးနိုင်နှင့်စီမံကိန်း ဝန်ထမ်းများက ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ချောင်းခွကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့်စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ချောင်းခွကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ငွေကျပ် ၂၈၄ ဒသမ ၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သူသူ**

# ဟင်္သာတမြို့နယ် ဆယ်အင်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဟင်္သာတ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အင်းကြီးကျေးရွာအုပ်စု ဆယ်အင်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်း ပေးခဲ့ကြောင်း သိရသည်။

ဆယ်အင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း ပြောပြ၍ သိရသည်။

**ဇင်မာ**

# ယီမင်နိုင်ငံ အေဒင်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လူနေရပ်ကွက်များရေနစ်မြုပ်



**အေဒင် ဩဂုတ် ၂၀**

ယီမင်နိုင်ငံ တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဖြစ်သည့် အေဒင်တွင် ဩဂုတ် ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လူနေရပ်ကွက်များ ရေနစ်မြုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး အခြေခံ အဆောက်အအုံများ အပါအဝင် လူနေရပ်ကွက်များ ရေနစ်မြုပ်ခဲ့ကြောင်း အေဒင်မြို့နယ် အုပ်ချုပ်ရေးအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရေဘေးသင့်ပြည်သူများကို ဒေသန္တရအစိုးရ စရိတ်ဖြင့် ဘက်စုံဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရန် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများကို အရေးပေါ် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်ဟု အေဒင်မြို့တော်ဝန် အာမက်ဟာမက် လမ်လက်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေကြီးမှုဒဏ်ခံရသော ဒေသများတွင် ချိုင့်ဝှမ်းများနှင့် ရေကြီးရေလျှံသည့်လမ်းကြောင်းများကို ရှောင်ရှားရန်နှင့် ရွံ့လမ်းများပေါ်တွင် ခရီးသွားခြင်းမှ ရှောင်ကြဉ်ကြရန် တိုက်တွန်းထားပြီး နိုင်ငံအရှေ့ဘက်နှင့် အနောက်တောင်ပိုင်းကမ်းရိုးတန်းဒေသများနှင့် ပင်လယ်နီကမ်းရိုးတန်း တစ်လျှောက်တွင် လာမည့်ရက်ပိုင်းအတွင်း မိုးဆက်လက်ရွာသွန်းနိုင်သဖြင့် ပြည်သူများကို သတိပြုနေထိုင်ကြရန် မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ကာရီဘိုဒေသတွင် အအေးဓာတ်မြင့်မားလာခြင်းကြောင့် ကာရီဘိုတောမီးကို စတင်ထိန်းချုပ်လာနိုင်ခဲ့

**အော့တဝါ ဩဂုတ် ၂၀**



ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကာရီဘိုဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသော်လည်း ဩဂုတ် ၁၉ ရက်မှစ၍ ရာသီဥတုပြောင်းလဲမှုများရှိလာခဲ့ပြီး အအေးဓာတ်မြင့်မားလာသည့်အတွက် တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း ကာရီဘိုမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကာရီဘိုဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေသည့်နေရာ ငါးနေရာထိရှိနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အခြေအနေဖြစ်သော်လည်း ရုတ်တရက် ရာသီဥတု ပြောင်းလဲလာခဲ့ပြီးနောက် အအေးဓာတ်မြင့်မားလာပြီး တောမီးကူးစက်လောင်ကျွမ်းမှုနှုန်းလျော့ကျလာကြောင်း ကာရီဘို မီးသတ်တပ်ဖွဲ့မှ သိရသည်။

"ကာရီဘိုဒေသအတွင်းမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ နေရာငါးနေရာရှိပါတယ်။ ငါးနေရာစလုံးမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ ဒါပေမဲ့လဲ ရုတ်တရက် ရာသီဥတု ပြောင်းလဲမှုကြောင့် အအေးဓာတ် မြင့်မားလာခဲ့ပြီး တောမီးကူးစက်လောင်ကျွမ်းမှုနှုန်းလျော့ကျလာပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ အခွင့်အရေး ရလာခြင်းဖြစ်ပါတယ်"ဟု ကာရီဘိုမီးသတ်တပ်ဖွဲ့မှ သတင်းပြန်ကြားရေးအရာရှိ ဒွန်နာမက်ပီယာဆန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ အိုရီဂွန်ကမ်းခြေရှိ ရေအောက်မီးတောင် မကြာမီပေါက်ကွဲတော့မည့် လက္ခဏာပြသနေကြောင်း သုတေသီများက သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် အိုရီဂွန်ကမ်းခြေရှိ ရေအောက်မီးတောင်သည် မကြာမီပေါက်ကွဲတော့မည့်လက္ခဏာများ ပြသနေကြောင်း အိုရီဂွန်ပြည်နယ် တက္ကသိုလ်မှ သုတေသီများက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ မီးတောင်သည် အိုရီဂွန်ကမ်းခြေ ရေအောက်ကြမ်းပြင်အောက် ပေ ၄၉၀၀ အကွာတွင်တည်ရှိသည့် မီးတောင်ဖြစ်ပြီး မီးတောင်အခြေအနေကို အမြဲမပြတ်စောင့်ကြည့်တိုင်းတာပေးနေသည့် ကိရိယာများလည်း တပ်ဆင်ထားရှိကြောင်း၊ စောင့်ကြည့်တိုင်းတာရေး စနစ်များမှ ပေးပို့လာသည့် အချက်အလက်များအရ မီးတောင်သည် မကြာမီ ပေါက်ကွဲသွားနိုင်သည့် လက္ခဏာများပြသနေကြောင်း မီးတောင်အနီးပတ်ဝန်းကျင်တွင် မြေလျှင်လှုပ်ခတ်မှုများ ရှိခဲ့သည့်အတွက်ကြောင့်လည်း မီးတောင်အတွင်းမှ လှုပ်ရှားမှုများ ရှိလာခဲ့ခြင်းဖြစ်ကြောင်း သုတေသီများက စောင့်ကြည့်တိုင်းတာရေး စနစ်များမှ ပေးပို့လာသည့် အချက်အလက်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"မိုင်ပေါင်းများစွာရှည်လျားတဲ့ Fiber Optic ကေဘယ်ကြိုးတွေနဲ့ အင်တာနက်နဲ့ လျှပ်စစ်ဓာတ်အားရရှိအောင်စီစဉ်ထားပြီး ရေအောက်မီးတောင်အခြေအနေကို အမြဲမပြတ်စောင့်ကြည့်တိုင်းတာပေးနေတဲ့ကိရိယာတွေနဲ့ ချိတ်ဆက်မှုရယူထားပါတယ်။ ဒီကိရိယာတွေဟာအိုရီဂွန်ကမ်းခြေအောက်မှာရှိတဲ့ Axial Seamount မီးတောင်အခြေအနေကို အမြဲမပြတ် စောင့်ကြည့်တိုင်းတာပေးနေပြီး ရေအောက်မှာ ဘာတွေပြောင်းလဲမှုဖြစ်ပေါ်နေသလဲဆိုတာကို အချိန်နဲ့တစ်ပြေးညီသိရှိနိုင်ဖို့ဖြစ်ပါတယ်"ဟု အိုရီဂွန်ပြည်နယ်တက္ကသိုလ်မှ သုတေသီအဖွဲ့၏ ခေါင်းဆောင် ပရော်ဖက်ဆာ အန်ဒါဆင်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံရှိ ယမုနာမြစ်ရေလျှံတက်မှု အန္တရာယ်ရှိသောရေလယ်ဗယ် စတင်ကျဆင်း

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံရှိ ယမုနာမြစ်ရေသည် ဩဂုတ် ၁၉ ရက်မှစ၍ အန္တရာယ်ရှိသည့် ရေလယ်ဗယ်မှ စတင်ကျဆင်းလာခဲ့ပြီကြောင်း အိန္ဒိယ Central Water Commis-sion က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယမုနာမြစ်ရေသည် ဩဂုတ် ၁၉ ရက် အစောပိုင်းကာလအထိ အန္တရာယ်ရှိသည့် ရေလယ်ဗယ်ပမာဏဖြစ်သည့် ၂၀၅ ဒသမ ၇၇ မီတာထိ ရောက်ရှိခဲ့သော်လည်း မွန်းလွဲပိုင်းမှစတင်၍ ရေလယ်ဗယ်မှာ တဖြည်းဖြည်းချင်းကျဆင်းလာခဲ့ပြီး ၂၀၅ ဒသမ ၇၂ မီတာ၊ ညအချိန်တွင် ၂၀၅ ဒသမ ၆၃ မီတာထိကျဆင်းလာကြောင်း၊ ရေလယ်ဗယ်စိုးရိမ်မှတ်ကိုကျော်လွန်မသွားစေရေးအတွက် မြစ်အတွင်းမှ ရေဖောက်ထုတ်မှုများပြုလုပ်နေပြီး ယနေ့ အစောပိုင်းတွင် ရေလယ်ဗယ်မှာ ၂၀၄ ဒသမ ၄၉ မီတာထိကျဆင်းလာခဲ့ပြီး ထပ်မံကျဆင်းလာမည်ဖြစ်ကြောင်း သိရသည်။

"ယမုနာမြစ်ဝှမ်းမှာ ရေလယ်ဗယ်တွေ မြင့်တက်နေပါတယ်။ ဒီနှစ်အတွင်းမှာပထမဆုံးအကြိမ် စိုးရိမ်မှတ်နားကိုရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့လဲ မြစ်ရေလယ်ဗယ်ဟာ တဖြည်းဖြည်းချင်းတော့ ပြန်လည်ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။ ဩဂုတ် ၁၉ ရက် အစောပိုင်းမှာအန္တရာယ်ရှိတဲ့ရေလယ်ဗယ်ပမာဏကို ရောက်ရှိလာကာ မွန်းလွဲပိုင်းကစတင်ပြီးတော့ တဖြည်းဖြည်းချင်းကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။ ယမုနာမြစ်ရေလျှံတက်မှုဖြစ်ပေါ်လာခဲ့ရခြင်းကလဲ ဟက်နီကွန်ရေကာတာကနေ ယမုနာမြစ်အတွင်း ရေဖောက်ချလိုက်တဲ့အတွက်ကြောင့် ယမုနာမြစ်ရေလယ်ဗယ်မြင့်တက်လာခဲ့ခြင်းဖြစ်ပါတယ်"ဟု အိန္ဒိယ Central Water Commission မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုပြီးဆုံးပြီး လောင်ကျွမ်းနေသောတောမီးများကို ထိန်းချုပ်နိုင်လာ

**မက်ဒရစ် ဩဂုတ် ၂၀**

စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုပြီးဆုံးပြီး လောင်ကျွမ်းနေသောတောမီးများကို ထိန်းချုပ်နိုင်လာပြီဖြစ်ကြောင်း နိုင်ငံအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းရခြင်း၏ အဓိကအကြောင်းရင်းမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် ဖြစ်ကြောင်း၊ ၎င်းအပူလှိုင်းသည် ဆယ်စုနှစ်ငါးခုအတွင်း အရှည်ကြာဆုံး အပူလှိုင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါ အပူလှိုင်းသည် ၁၆ ရက်ကြာ ဖြတ်သန်းပြီး ဩဂုတ် ၁၉ ရက်တွင် ပြီးဆုံးခဲ့ကြောင်း၊ ယခုအခါ အပူချိန်များ ကျဆင်းလာပြီး စိုထိုင်းဆများမြင့်တက်လာခြင်းကြောင့် အပြင်းအထန်လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း နိုင်ငံလုံးဆိုင်ရာ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

တောမီးကြောင့် ပျက်စီးမှုများကို စစ်တမ်းကောက်ယူခဲ့ရာ စပိန်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ပျက်စီးခဲ့ရသည့် မြေဧရိယာသည် ဟတ်တာ ၉၄၀၀၀ ရှိကြောင်း၊ ယခုနှစ် ဩဂုတ်လထိ စပိန်နိုင်ငံတွင် တောမီးကြောင့် ခန့်မှန်းခြေမြေဟက်တာ ၃၈၂၆၀၀ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း Euro-pean Forest Fire Information System မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားရခြင်းဖြစ်သဖြင့် ရာသီဥတုဆိုင်ရာ အရေးပေါ်မူဝါဒများကို အမြဲတမ်း နိုင်ငံတော်မူဝါဒအဖြစ် ပြောင်းလဲရန် လာမည့် စက်တင်ဘာလတွင် အစီအစဉ်တစ်ခုကို အဆိုပြုမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တောမီးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များကို အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်း စပိန်ဝန်ကြီးချုပ် ပတ်ထရိုဆန်းချက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စီးပွားရေးမိတ်ဖက်အဖွဲ့(RCEP) ၏ ပွင့်လင်းမြင်သာမှုနှင့်တိုးတက်မှု အလားအလာ

ဝင်းဇင်(သုတေသန)

ဒေသတွင်းဘက်စုံလွှမ်းခြုံသော စီးပွားရေးမိတ်ဖက်အဖွဲ့(RCEP)သည် အာရှဒေသ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိလျက်ရှိသည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ၎င်းတို့၏ ကုန်သွယ်ဖက်ဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတေးလျ၊ နယူးဇီလန်နိုင်ငံတို့ပါဝင်သည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တစ်ခုပင်ဖြစ်သည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) သည် လက်ရှိအချိန်ထိ ကမ္ဘာ့အကြီးမားဆုံးလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) နိုင်ငံများသည် ကမ္ဘာ့ GDP နှင့် လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။

စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) သည် ဒေသတွင်းစီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို ပေါင်းစည်းထားခြင်း၊ လွတ်လပ်သော ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အာဆီယံနိုင်ငံများ၏ ခိုင်မာသောဆုံးဖြတ်ချက်နှင့် စွမ်းဆောင်ရည်များကို ပြသခြင်း၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အရေးပါသော မောင်းနှင်အားတစ်ရပ်အဖြစ် သယ်ပိုးခြင်းနှင့် ပြောင်းလဲဖြစ်ပေါ်နေသော ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်မှု အခင်းအကျင်းတို့တွင် အားသစ်လောင်းခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလုပ်ငန်းသည် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိပြီး ရာစုနှစ်ကာလအတွင်း မတွေ့ကြုံဖူးသော ပြုပြင်ပြောင်းလဲမှုများသည် အရှိန်အဟုန်နှင့်ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ် သက်ရောက်လျက်ရှိသည့် မသေချာမရေရာမှုများသည် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ထူထောင်မှုသည် အရေးပါသော အဆင့်တစ်ရပ်သို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ပါဝင်သည့်နိုင်ငံအားလုံးအနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ချက်ချင်းကျော်လွှားသွားရန် လိုအပ်သည့်စုပေါင်းကြိုးပမ်းမှုများ ခိုင်မာအားကောင်းအောင် လုပ်ဆောင်သွားရန် လိုအပ်ပေသည်။ လွတ်လပ်သောကုန်သွယ်မှု မူဝါဒများကို ထိန်းသိမ်းထားရှိပြီး ဒေသတွင်း၊ နိုင်ငံပေါင်းစုံစီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားခြင်းတို့သည် အာရှ၏ စီးပွားရေးအတွက် အနာဂတ်သစ်ကို ပုံဖော်တည်ဆောက်နိုင်မည့် ဒေသတွင်းဘက်စုံလွှမ်းခြုံသော စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ကို အကောင်အထည်ဖော်ရာ၌ များစွာအရေးပါလျက်ရှိသည်။

**ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိက မောင်းနှင်အား**

စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) စတင်အကောင်အထည်ဖော်ကတည်းက သုံးနှစ်အတွင်း သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့သည်။ သာဓကအနေဖြင့် ကုန်သွယ်မှုဖန်တီးမှုများ ထွက်ပေါ်လာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသည် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး စီးပွားရေးမိတ်ဖက်အဖွဲ့(RCEP) ဒေသတွင်းကုန်သွယ်မှုတန်ဖိုးသည် သုံးရာခိုင်နှုန်းရှိခဲ့သည်။ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အလျင်အမြန်တိုးတက်လာခဲ့သည်။ ၎င်းတို့၏ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်အတွင်း သိသိသာသာ တိုးတက်လာခဲ့သည်။

ဒေသတွင်းတန်ဖိုးမြှင့်ထုတ်ကုန်များ ကုန်သွယ်မှုသည် သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ စီးပွားရေးမိတ်ဖက်အဖွဲ့(RCEP) အတွင်းရှိ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးတွင် တန်ဖိုးမြှင့်ထုတ်ကုန်အချိုးအစားသည် ၂၀၂၁ ခုနှစ်တွင် ၆၄ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၆၆ ရာခိုင်နှုန်းခန့်ရှိလာခဲ့သည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အဖွဲ့ဝင်နိုင်ငံများသည် ဝန်ဆောင်မှု၊ ကုန်သွယ်မှုတွင် ရုတ်ခြည်းတိုးတက်လာသည့် အတွေ့အကြုံများရှိနေသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ဒေသရှိ ဝန်ဆောင်မှုလုပ်ငန်း ကုန်သွယ်မှု၏ စုစုပေါင်းသွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ




၈၇၀ ဘီလီယံမှ ၁ ဒသမ ၅ ထရီလီယံထိ မြင့်တက်လာခဲ့သဖြင့် ၇၉ ရာခိုင်နှုန်းတိုးတက်လာခဲ့သည့်အပြင် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်း ကုန်သွယ်မှု၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၆၀ ဘီလီယံမှ ၁ ဒသမ ၃ ထရီလီယံထိ မြင့်တက်လာခဲ့သဖြင့် ၇၆ ရာခိုင်နှုန်းတိုးတက်လာခဲ့သည့်အပြင် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။

စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ၃၀ ရာခိုင်နှုန်းကျော် စီးဝင်လျက်ရှိသည့်နေရာလည်းဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ဒေသတွင်းဘက်စုံလွှမ်းခြုံသော စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) သည် အင်စတီကျူရှင်းပိုင်းဆိုင်ရာ ဖြတ်ကျော်မှုစရိတ်များ လျှော့ချခြင်းအားဖြင့် ကုန်သွယ်မှုအလားအလာကို သိသိသာသာဖြေလျှော့ပေးခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှု ၁၂ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည့်အချိန်၌ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ဒေသသို့ ကမ္ဘာလုံးဆိုင်ရာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုသည် ၁၃ ဒသမ ၉ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၃၁ ဒသမ ၁၁ ဘီလီယံထိရှိခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)နှင့် ဒေသတွင်းကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်(GVC) ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂ ထရီလီယံသို့ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်နေဆဲပင်ဖြစ်သည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)နှင့် ဒေသအတွင်းကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက် (GVC) ပါဝင်မှုနှုန်းအားလုံးပေါင်းသည် ၂၀၂၁ ခုနှစ်တွင် ၄၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် ၄၉ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၄၈ ဒသမ ၁ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အဆင့်မြင့်အကောင်အထည်ဖော်မှုသည် အရေးပါသော အဆင့်သို့ရောက်ရှိလာပြီဖြစ်ပြီး စီးပွားရေးလုပ်ငန်းများသည် ပြည်ပပို့ကုန်ကို အခြေခံလျက်ရှိသည်။ သာဓကအနေဖြင့် အမေရိကန်နိုင်ငံသည် ၂၀၂၁၊ ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) စီးပွားရေးလုပ်ငန်းများမှ တင်ပို့သည့် လူသုံးကုန် ၁၆ ရာခိုင်နှုန်းကျော်ကို ဝယ်ယူခဲ့ပြီး တရုတ်နိုင်ငံသည် ၉ ဒသမ ၂၅ ရာခိုင်နှုန်းခန့် ဝယ်ယူခဲ့သည်။ သို့သော် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ပြဋ္ဌာန်းချက်များ၏ လုပ်ထုံးလုပ်နည်းစံနှုန်းများသည် တိုးတက်ရန် လိုအပ်နေဆဲဖြစ်သည်။ စည်းကြပ်ခွန်လျှော့ချရာတွင် ကန့်သတ်ချက်များရှိနေပြီး ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတွင် ပွင့်လင်းမြင်သာမှုတို့သည်လည်း ပိုမိုတိုးတက်ရန် လိုအပ်နေသည်။ အလားတူ စီးပွားရေးမိတ်ဖက်အဖွဲ့(RCEP)၏ အကောင်အထည်ဖော်မှု ယန္တရားသည်လည်း တိုးတက်ရန် လိုအပ်နေဆဲဖြစ်သည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အတွင်းရေးမှူးရုံးအပြင် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) စီမံအုပ်ချုပ်မှုနှင့် အကောင်အထည်ဖော်မှု ယန္တရားများသည် ပိုမိုခိုင်မာအားကောင်းရန် လိုအပ်သည်။ လက်ရှိအချိန်တွင် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ပြဋ္ဌာန်းချက်များ၏ စည်းနှောင်မှုအားသည် ချည့်နဲ့နေဆဲဖြစ်ပြီး အငြင်းပွားမှုဖြေရှင်းရေးယန္တရားသည်လည်း တိုးတက်ရန် လိုအပ်လျက်ရှိသည်။

ထိုအတောအတွင်း လက်တွေ့ကျသော လုပ်ဆောင်မှုများဖြင့် အကြီးမားဆုံးလွတ်လပ်သော ကုန်သွယ်မှုနယ်ပယ်ကို တည်ဆောက်လျက်ရှိသည်။ ပထမအချက်အနေဖြင့် အာဆီယံကိုဗဟိုပြုသည့် ပူးပေါင်းဆောင်ရွက်မှုအတွက် လွတ်လပ်သော အဖွဲ့အစည်းကို ထူထောင်သွားရန် လိုအပ်သည်။ လာမည့်ငါးနှစ်အတွင်း စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ကို အဆင့်မြင့်အကောင်အထည်ဖော်ခြင်း၊ အာဆီယံကိုဗဟိုပြုခြင်းနှင့် ပိုမိုကြီးမားသော ဒေသတွင်းဈေးကွက်အတွင်းပြိုင်ဆိုင်မှု အကျိုးအမြတ်များကို အသုံးချခြင်းတို့သည် ဈေးကွက်အရွယ်အစားကန့်သတ်ချက်များကို ကျော်လွှားစေနိုင်မည်ဖြစ်သည်။ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ၏ အဆင့်မြင့်အကောင်အထည်ဖော်မှုနှင့် ပိုမိုကျယ်ပြန့်သော အာရှဒေသတွင်း ဈေးကွက်အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ အငြင်းပွားမှုများကို အာဆီယံနည်းလမ်းအတိုင်း လိုက်လျောညီထွေရှိမှုနှင့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်သည်။

ဒုတိယအချက်အနေဖြင့် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အဆင့်မြှင့်တင်မှုနှင့် စီမံခန့်ခွဲမှုစနစ်များ တိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)၏ ရှိရင်းစွဲပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်မှု အရှိန်မြှင့်တင်ခြင်းနှင့် စီမံခန့်ခွဲမှု ယန္တရားများ တိုးတက်အောင်လုပ်ဆောင်ခြင်းတို့ပါဝင်သည်။ တတိယအချက်အနေဖြင့် အာရှ-ပစိဖိတ်ဒေသရှိ လွတ်လပ်သောကုန်သွယ်မှုသည် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)ကို အဓိက မောင်းနှင်အားအဖြစ် သယ်ပိုးရန် အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)နှင့် တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်မှု(CAFTA)၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ပါဝင်သည်။ ထို့ပြင် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အဆင့်မြင့် အကောင်အထည်ဖော်မှုမှတစ်ဆင့် တရုတ်- ဂျပန်- တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုတိုးတက်ရေးကိုလည်း ဖော်ဆောင်သွားမည်ဖြစ်သည်။

**ပွင့်လင်းမြင်သာမှုဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်း**

အမှန်တော့ တရုတ်ဈေးကွက်ကို ဖွင့်လှစ်ထားခြင်းသည် အာရှစီးပွားရေးပေါင်းစည်းမှုအတွက် အရေးပါသော မောင်းနှင်အားတစ်ရပ်ဖြစ်လာသည်။ ကမ္ဘာတစ်ဝန်း စီးပွားရေးကျပ်တည်းလာမှုနှင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်မှုတို့ကြောင့် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ဒေသမှသွင်းကုန်များကို တရုတ်နိုင်ငံ၏ လက်တွေ့ကျကျ တိုးချဲ့တင်သွင်းလာမှုသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ရာ၌ များစွာအထောက်အကူပြုလျက်ရှိသည်။

အာဆီယံဒေသအတွက် လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည့် ဈေးကွက်ကြီးကို တရုတ်နိုင်ငံ၏ ဖွင့်လှစ်ထားမှုသည် တရုတ်-အာဆီယံကုန်သွယ်မှု တိုးချဲ့ခြင်းဖြင့် ဒေသတွင်းရှိပြည်သူသန်းပေါင်းများစွာကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ လာမည့် ၅ နှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် အာဆီယံသွင်းကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းအားဖြင့် တရုတ်နှင့်အာဆီယံအကြားကုန်သွယ်မှု ဟန်ချက်ထိန်းညှိပေးနိုင်မည့်အပြင် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) ဒေသအတွင်း အရောင်းကွင်းဆက်ကိုလည်း မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များမှတစ်ဆင့် အာဆီယံမိတ်ဖက်များနှင့် အရောင်းကွင်းဆက်ထူထောင်နိုင်ရန် တရုတ်စီးပွားရေးလုပ်ငန်းရှင်များကို အားပေးထောက်ပံ့မှုများလုပ်ဆောင်သွားသင့်ပေသည်။ အလားတူအဆင့်မြင့်စက်မှုလုပ်ငန်းများ မဟာဗျူဟာကျကျ တိုးတက်လာစေရန်နှင့် စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှုအတားအဆီးများကို လျှော့ချသွားရန်အတွက်လည်းကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

တရုတ်နိုင်ငံအနေဖြင့် ဝန်ဆောင်မှုကုန်သွယ်မှုလုပ်ငန်းနှင့် အာဆီယံတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ပြီး တရုတ်နှင့်အာဆီယံတို့ကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ စင်စစ်အားဖြင့် စီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP) အတွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် လိုက်လျောညီထွေရှိသော စီမံခန့်ခွဲမှုအစီအမံများ၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိသည့် အခြေအနေများနှင့် ပွင့်လင်းမြင်သာသော စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးခြင်းတို့သည် အသင့်လျော်ဆုံးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Anchoring the RCEP in openness**

**By Beijing Review.**

## ကုန်ပို့ငွေကောက်ခံသူဝန်ထမ်း ဦးမင်းထက်အောင် (ဘ) ဦးအောင်ကိုလတ် (၅/ဝလန(နိုင်)၂၁၆၅၄၁)သည် ကုမ္ပဏီပိုင်ငွေ ၁၂၄၆၂၅၀၀ိ/- ယူထားငွေကို ပေးအပ်ရန် အကြောင်းကြားခြင်း

အမှတ်(၁၄၂)၊ ၁၈ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ GOLD YACHT CO.,LTD(SWEETY ဇာဘော်လီအရောင်းဆိုင်) ဆိုင်ခွဲတာဝန်ခံ ဒေါ်ကေသီဝင်း(၅/ရဘန(နိုင်)၂၁၉၄၂၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားအပ်ပါသည်။

GOLD YACHT CO.,LTD မှ SWEETY ဇာဘော်လီအရောင်းဆိုင်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်ထားပါသည်။ အမှတ်(၁၄၂)၊ ၁၈ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ SWEETY ဇာဘော်လီဆိုင်တာဝန်ခံ ဒေါ်ကေသီဝင်းမှ (၁၁-၈-၂၀၂၅)ရက်နေ့တွင် ကုန်ပို့ငွေကောက်ခံသူဝန်ထမ်း ဦးမင်းထက်အောင်အား မန်းမြန်မာပလာဇာရှိ ဆိုင်(၂)ဆိုင်သို့ ပစ္စည်းပို့ငွေကောက်ခံရန် ကုန်ပစ္စည်း(၃၉)မျိုး စုစုပေါင်း ငွေပြေစာနှင့် ကုန်ပစ္စည်း(၂၄)မျိုး စုစုပေါင်းငွေပြေစာအပါအဝင် စုစုပေါင်း ကုန်ပစ္စည်းဖိုးငွေ ၁၂၄၆၂၅၀၀ိ/-(ကျပ်တစ်ရာနှစ်ဆယ့်လေးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ) ငွေပြေစာ(၂)စောင်အား ဦးမင်းထက်အောင်သို့ ပေးအပ်ခဲ့ပြီး ကုန်ပို့ငွေ ကောက်ခံစေခဲ့ပါသည်။ ဦးမင်းထက်အောင်မှလည်း အဆိုပါဆိုင်(၂)ဆိုင်မှ ကုန်ဖိုးငွေအား ကိုယ်တိုင်ကောက်ခံ ရယူခဲ့ပါသည်။ ဦးမင်းထက်အောင်သည် ကုန်ပစ္စည်းရောင်းရငွေ ၁၂၄၆၂၅၀၀ိ/-(ကျပ်တစ်ရာနှစ်ဆယ့်လေးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ)အား ဆိုင်တာဝန်ခံသို့ပေးအပ်ခြင်းမရှိပါ။ ဆိုင်သို့လည်း ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ ယနေ့အထိ အကျိုးအကြောင်း ဆက်သွယ်ခြင်းမရှိပါ။ ဆိုင်တာဝန်ခံ ဒေါ်ကေသီဝင်းသည် (၁၁-၈-၂၀၂၅)နေ့တွင် ဦးမင်းထက်အောင်၏ မိဘအိမ် စစ်ကိုင်းမြို့၊ လမ်းဦးမြို့သစ်၊ ဘော်ကာရပ်ကွက်သို့သွားရောက်၍ ဦးမင်းထက်အောင်မှ ကုမ္ပဏီပိုင်ပစ္စည်း ရောင်းရငွေ ၁၂၄၆၂၅၀၀ိ/-(ကျပ် တစ်ရာနှစ်ဆယ့်လေးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ)အား ယူဆောင်ကာ ကုမ္ပဏီသို့ပြန်လည်ရောက်ရှိလာခြင်းမရှိကြောင်း၊ အမြန်ဆုံးငွေအပ်နှံပြီး ဖြေရှင်းပေးရန် အသိပေးအကြောင်းကြားခဲ့ပါသည်။

ဦးမင်းထက်အောင်သည် ကုမ္ပဏီပိုင်ပစ္စည်းရောင်းရငွေ ၁၂၄၆၂၅၀၀ိ/-(ကျပ်တစ်ရာနှစ်ဆယ့်လေးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ)အား ဤကြော်ငြာပါသည့်နေ့မှ (၃)ရက်အတွင်း အမြန်ဆုံးပေးအပ်ပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ပါက ကုန်ပို့ငွေကောက်ခံသူဝန်ထမ်း ဦးမင်းထက်အောင်အား ယုံကြည်အပ်နှံမှုကိုဖောက်ဖျက်၍ ကုမ္ပဏီပိုင်ပစ္စည်းရောင်းရငွေကို မရိုးမဖြောင့်သောသဘောဖြင့် ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်သွားသဖြင့် ဥပဒေနှင့်အညီ အရေးယူပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စန္ဒာသိန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၈)**
**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊**
**၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## လှိုင်ကော်မြို့နယ် ကေ(၅၀၀)-နမ့်ဘော်ဝမ်းရှမ်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်ကော် ဩဂုတ် ၂၀**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လှိုင်ကော်မြို့နယ် ကေ(၅၀၀)-နမ့်ဘော်ဝမ်းရှမ်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသင်းမင်းလတ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သုတေသနကျွမ်းကျင်-၂ ဦးချမ်းဟိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လှိုင်ကော်မြို့နယ် ကေ(၅၀၀)-နမ့်ဘော်ဝမ်းရှမ်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိ တိုင်းတာစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသင်းမင်းလတ်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လှိုင်ကော်မြို့နယ် ကေ(၅၀၀)-နမ့်ဘော်ဝမ်းရှမ်း ကျေးရွာချင်းဆက်လမ်း အရှည် ပေ ၁၅၇၀၊ အကျယ် ၁၈ ပေ၊ အမြင့် သုံး လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၁၃၈ ဒသမ ၅၀၁ သန်း ဖြင့် တင်ဒါအောင်မြင်သည့် ငွေပြည့်လျှံကုမ္ပဏီက ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသင်းမင်းလတ်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အိမ်ပြင်ပဲ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ကေ ၄၃၇၅၀ စိုက်ပျိုးမည်



ယခင်နှစ် ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ကေ ၄၃၇၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ကုလားပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ကေ ၉၂၇၀၊ တန့်ဆည်မြို့နယ်တွင် ၂၅၉၈၇ ကေနှင့် ဒီပဲယင်းမြို့နယ်တွင် ၈၄၈၃ ကေ စုစုပေါင်း ကေ ၄၃၇၅၀ တို့ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ကုလားပဲ ကေ ၄၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားပါမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း (၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကုလားပဲ တစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ရေဦးခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး ပညာပေးခြင်း လုပ်ငန်းများကို တောင်သူများအား ချိတ်ဆက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)




## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊Grade-10 တွင် ပညာသင်ကြားနေသော မကေရီကျော်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့်ဖြစ်ပါကြောင်း။

**ဦးခင်မောင်မြင့်(၉/မလန(နိုင်)၀၇၁၁၄၆)**

## မွေးသက္ကရာဇ်အမှန်

နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာနေ ဦးနိုင်ဝင်းလတ်၏သား မောင်အုပ်စိုးထွန်း(၁၂/လကန(နိုင်)၂၈၈၆၈၉)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၂၀-၇-၂၀၀၇ ဖြစ်ပါကြောင်း။

**မောင်အုပ်စိုးထွန်း၊ ၂၀-၇-၂၀၀၇**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မဖြိုးဇာနည်ထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းထွန်းဖြစ်ပါကြောင်း။ **ဦးသိန်းထွန်း(၉/ကဆန(နိုင်)၁၁၃၁၈၈)**







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၄ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# နိုင်ငံရေးပါတီများ ပါတီဝင် ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**နိုင်ငံရေးပါတီများ ပါတီဝင် ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့် နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉(က)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁)ကို စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင် ဦးရေအနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ပါသည်။

၃။ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဇ)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ** စာမျက်နှာ - ၁၈

**လွှတ်တော်အသီးသီးအတွက် လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ** စာမျက်နှာ - ၁၉

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊လိုင်စင်မဲ့မော်တော်ယာဉ်၊လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ သည်။

ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ၌ မော်တော်ယာဉ်၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၅၉၀၂၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck ငါးစီး၊ Nissan Diesel Truck သုံးစီး၊ Isuzu Giga Truck တစ်စီး၊ စာမျက်နှာ ၂၂ ကော်လံ ၁ ❑




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း


ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)


ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)


ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015


နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com